သဲအင်းဂူ

ဆရာတော်~ဘုရားကြီး

၏

# အစွဲလေးပါးဖြတ်တရား

နှင့်

...ဿာသ-ပဿာသ-ထွက်လေဝင်လေကျှုနစ်တွေ

ရပ်စဲတော်မူခကား

ဓ. တင်မြသူ့ မောင်ဘို (အကာလိကော)

## သစ္စာလေးပါး မြတ်တရား

### ကမ္ဘာတွေ ပြုန်းခဲ့ပါပြီ၊

"ကဲ ဦးတွန်းရှင် (ဘုရား) တရားတောင်းတဲ့ ယောဂီကတော့ တောင်းသွားဘီ၊ ဘုရားတပည့်တော်တို့သည် ကမ္ဘာတွေ ပြုန်းခဲ့ပါပြီဒါ သူတရားတောင်းတဲ့ဥစ္စာ လေးသေချာချာ နားထောင်နေရသေးတာ ဘာကြောင့်လဲ ပရိယတ္တိ မကျွမ်းကျင်လို့ အဲဒီတော့ တရားဆိုမေမယ့် ပစ္စုပ္ပန်ပေါ်တဲ့ တရားတွေကိုဘဲ ဟောရမှာဘဲ ကမ္ဘာ့ကမ္ဘာတွေ ပြုန်းလာခဲ့ပါတယ်တဲ့ ဒီကမ္ဘာတွေ ဘာကြောင့် ပြုန်းလာခဲ့သလဲ အကြောင်းဖော်ရမှာကိုး"

"အဲ…သံသရာကြီးကလဲ မလွတ်မြောက်ခဲ့ဘူး။ ကမ္ဘာတွေ ပြုန်းလာတော့"

ဘုရားပေါင်း အသင်္ချေ ပွင့်သွားတာ ဘယ်ဘုရားနဲ့မှလဲမမှီ ရှင်ပစ္စေကဗုဒ္ဓါတွေ ပွင့်သွားတာ ဘယ်ရှင်ပစ္စေကဗုဒ္ဓါတွေမှလဲ မမှီ။ ဘာကြောင့် မမှီခဲ့သလဲဆိုရင် ဘုရားတွေကို ကျောခိုင်းခဲ့လို့။

အဲ့ဒီတော့ ဘာတွေနဲ့ ပျော်နေကြသလဲ လောကီမှာ အာရုံ (၅) အာရုံ(၆)နဲ့ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း ဒီအာရုံ(၅) အာရုံ(၆)နဲ့ဘဲ ပျော်နေကြတယ်။ ဒါနဲ့ဘဲ ပျော်နေကြတယ်။



## အတိတ်အကြောင်း ပစ္စုပ္ပန်အကျိုး

သတ္တလောက သင်္ခါရလောက ဩကာသလောက လောကသုံးပါးရှိတယ်နော်၊

သတ္တလောကဆိုတာ သတ္တဝါတွေဖြစ်နေတာ ဒီသတ္တဝါတွေဟာ ခန္ဓာငါးပါးဖြစ်နေတာ သတ္တဝါတွေဖြစ်နေတာ ဘာကြောင့်ဖြစ်သလဲလို့အကြောင်းပြန်ရှာ၊

အတိတ်က အကြောင်းတရားကြောင့်မို့လို့ ခန္ဓာငါးပါးလာဖြစ်နေကြတာ (မှန်ပ)အတိတ်ကအကြောင်းကြောင့် ပစ္စုပ္ပန် အကျိုးတရားဖြစ်တယ်၊ အတိတ် အကြောင်းတရားမှမပါလို့ရှိရင် ပစ္စုပ္ပန် - အကျိုးတရား ဖြစ်ပါ့မလား၊ မဖြစ်ပါဘုရား တကာကြီးတို့ အခု ခန္ဓာငါးပါး ဥပါဒါန်ရုပ်ကြီးဖြစ်နေတာ ဘာအကြောင်းကြောင့် ဖြစ်နေတယ်ဆိုတာ သိဘို့လိုပါတယ် ဘုရား။

အတိတ်က ဘာအကြောင်းလဲဆိုတော့ အသက်ကလေးရှည်ပေးရတာက သီလကုသိုလ်ကံ စေတနာအကြောင်း၊ သီလကုသိုလ်ကံများလာရင် အသက်ရှည်ပေးတယ်၊ ဒါနကုသိုလ်ကံပြုလာလို့ စေတနာပါရင် ချမ်းသာတယ်။ ဒီစေတနာတွေ၊ ဒါနကုသိုလ်ကံ၊ သီလကုသိုလ်ကံ စေတနာတွေ အချိန်ကုန်သွားလို့ရှိရင် ပျက်သွားတယ်၊ (မှန်ပဘုရား) ဒီကံရုပ်ကြီးဟာ ဒကာကြီးကံကုန်မှပျက်မယ်။

သတ္တလောကဆိုတာ သတ္တဝါတွေဖြစ်ကြတာ ဘာကြောင့်ဖြစ်သလဲဆိုရင် အတိတ်ကကံ၊ အတိတ်က ပြုထားတဲ့ကံကြောင့်

မို့လို့ အခု ခန္ဓာငါးပါး အကျိုးတရားကြီးရနေတယ်၊ အတိတ် အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးတရား (မှန်ပါ့ဘုရား)

အတိတ်က ဒါနမှုကုသိုလ်ကံစေတနာ၊ သီလမှုကုသိုလ်ကံ စေတနာ ဒီစေတနာအကြောင်းတရားကြောင့်၊ အခု ပစ္စုပ္ပန် အကျိုးတရား ခန္ဓာငါးပါး ရလာတယ်မဟုတ်လား။ (မှန်ပါ) အတိတ်က ဒါနမှုပြုတော့ ချမ်းသာတယ်။ အတိတ်က သီလမှု ကုသိုလ်ကံ စေတနာများလာတော့ အသက်တော့ရှည်ပေးရတယ်၊ ဒီမှာ အသက် ၆၀၊ ၇၀၊ ၈၀ ကျော် ဒီလိုနေရတယ်မဟုတ် လား ဒါအတိတ်။

အခု ပစ္စုပ္ပန်မှာ သိလာလို့ရှိရင် အတိတ်ကိုလဲမြင်တယ်၊ ပစ္စုပ္ပန်ကိုလဲသိတယ်၊ ပစ္စုပ္ပန်ကိုသိရင် အနာဂတ်ကိုလဲသိတယ်၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါးကိုသိတယ်။ (မှန် ပါ့ဘုရား) ဒါကြောင့် သတ္တလောက၊ သင်္ခါရလောက၊ ဩကာ သလောက၊ လောကသုံးပါးရှိတယ်။ သူ့ကံနဲ့သူ ဖြစ်တဲ့ဥစ္စာ ကယ်နိုင်ပြင်လို့မရဘူး။ ကယ်နိုင်ပြင်လို့ရပါ့မလား။ ဘုန်းတော (မရပါဘုရား) သူ့ကံကြောင့်သူ အတိတ်ကကံ ကံ ဗျာ ဘုရားကလဲ ဟောသွားတယ်။

ဦးပဉ္စင်းတို့က ဆင်းကာထဲကိုကာနေ၊ ရွှေဘုန်း ရွှေကံရှိလို့ ရှိရင် သူ့အလိုအလျောက် ဖြစ်လာလို့ရှိရင် ဘုရားကခွင့်ပေး တယ်။ရွှေဘုန်း ရွှေကံမှ မရှိလို့ရှိရင်တဲ့ ဘုရားကလဲ ဒီမယ် ကျောင်းကြီးဆောက်ရှိရင် သစ်ပင်ရိပ်မှာနေတဲ့၊ ရွှေဘုန်းရွှေကံမရှိ ဘူးတဲ့၊အတိတ်ကပြုလာတဲ့ကံ မပါဘူးတဲ့၊ ဒါ အတိတ်ကကံ တွေ ကြောင့် (မှန်ပါဘုရား) ရွှေဘုန်းရွှေကံ ရှိလို့ ဒကာ ဒကာမတွေ



ကလာပြီးတော့ လှူလို့ရှိရင်လဲဘဲ၊ ဒါ! ရွှေဘုန်းရွှေကံ ဖိုယ်တဲ့ အလှူခံထိုက်ပါတယ်။ (ခွင့်ပြုပါတယ်ဘုရား) ရွှေဘုန်း ရွှေကံ ဆိုတဲ့ဥစ္စာ အတိတ်အကြောင်း ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန် အကြောင်း အနာဂတ်အကျိုး၊ အခု ပြုတဲ့ကံတွေက အနာ ဂတ်အကျိုးထူး ခံစားရမယ်။ အကျိုးတရားတွေရမယ်၊ အခု အကျိုးတရား လူ့ချမ်းသာဖြစ်နေတဲ့ဥစ္စာ၊ ဘာကြောင့်လဲ ဘယ် အကျိုးတရားရနေတာ ဘာကြောင့်လဲ၊ အတိတ်က အကြောင်း တရား (မှန်ပါ့ဘုရား) အတိတ်က အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုးတရား၊ ခန္ဓာငါးပါးရလာတယ်။

## သတ္တဝါ ဖြစ်နေရင်

အဲဒီတော့ ဒီခန္ဓာငါးပါးရမြန်တော့လဲ ဒကာကြီး ဒုက္ခ ကြီးဘဲ၊ (မှန်ပါ့ဘုရား) သတ္တဝါကြီး ဖြစ်နေရမြန်တာဘဲ သတ္တ ဝါကြီးဖြစ်နေလို့ရှိရင် သင်္ခါရလဲပါတယ်။ သတ္တလောက သတ္တ ဝါကြီး ဖြစ်နေမြန်ပြီ ဒကာကြီးရဲ့ သတ္တဝါဖြစ်လာမြန်တော့ ခန္ဓာငါးပါးဟာ ဖြစ်လာတယ်။ သတ္တဝါဖြစ်လာရင် သင်္ခါရပါ လာတယ်။ ဒီသင်္ခါရ ဖြစ်လာတယ်ဆိုကထဲက နာမ်တည်ရာဌာန ဘုံမှာနေဆိုတာရှိတယ် မဟုတ်လား။ လောကသုံးပါး၊ ဘုံသုံး ပါးဆိုတာ သတ္တလောကကြီးဘဲ၊ သင်္ခါရလောကကြီးဘဲ၊ ဩကာ သလောကကြီးဘဲ၊ လူ့ပြည်ရယ်၊ နတ်ပြည်ရယ်၊ ဗြဟ္မာ့ပြည် ရယ်ဆိုတာ ဘုံသုံးပါးဘဲ ဘုံသုံးပါးရှိနေရင် အေးရယ် ဝမ်း ရယ် ဒုက္ခရယ်ရှိနေရမယ်၊ ဒီခန္ဓာငါးပါး ရှိနေသမျှကာလပတ်

လုံး၊ လူ့ပြည်ကြီးမှာ လူ့ဘုံကြီးမှာရှိလို့ရှိရင် လောကဓံနဲ့ကြုံရမှာပဲ၊

ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင် လောကဓံနဲ့ကြုံရသေးတယ်မဟုတ်လား။ ယောက်ဖတော်ကနေပြီး ကျောက်တုံးကြီးနဲ့လှိမ့်ချတဲ့ဥစ္စာ သွေးတောင်ထွက်သေးတယ်။ ဘာကြောင့်လဲတဲ့ အတိတ်က သူမကောင်းခဲ့လို့ပေါ့။ အဲ...ဦးပဥ္စင်းလဲ အတိတ်ကမကောင်းခဲ့တော့ ဦးပဥ္စင်းလဲ ခံရသေးတာပဲ အတိတ်က ပြုခဲ့တဲ့ကံတွေကိုး ဒကာကြီးရဲ့ အတိတ်က ပြုခဲ့တဲ့ကံဆိုတော့ အခု ပစ္စုပ္ပန်ကာလ အကျိုးတရားခံစားရတယ်၊ အတိတ်ကြောင့် ပစ္စုပ္ပန်ကာလ ဖြစ်တာက အဟောင်း၊ ကိုယ်ပြုတာက အသစ်၊

## စိတ်ကိုစစ်

ဒကာကြီးတို့ ကိုယ့်စိတ်ကိုယ်စစ် သူများစိတ် မစစ်လိုက်ကြနဲ့သိလား။ သူများ ဘာတဲ့ ညာတဲ့များ သွားမပြောလိုက်ကြနဲ့ ကိုယ့်စိတ်ကိုယ်စစ်တဲ့ ဘုရားကဟောထားတယ်၊ အဲဒီတော့ စိတ်စစ်ရမယ်။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဆိုတာသတ္တလောက သတ္တဝါတွေဖြစ်လာပြီဆိုလို့ရှိရင် ကိုယ့်စိတ်ကိုယ်မစစ်ဘဲ သူများစိတ်ကို စစ်လိုက်လို့ရှိရင် သင်္ခါရလောက ဖြစ်သွားမယ်။ သင်္ခါရလောက ဖြစ်သွားပြီဆိုရင် ဘုံသုံးပါးနဲ့ လွတ်ပါအုံးမလား။

ဒါကြောင့်မို့ လောကသုံးပါး၊ ဘုံသုံးပါးရှိတဲ့အနက်က ဒကာကြီး ဒီဟာ သစ္စာကြီးဘဲ လူရယ်လို့ဖြစ်လာပြန်ရင်လဲ ခန္ဓာ



ငါးပါးဖြစ်လာလဲ ဒုက္ခပဲ၊ ဘုံသုံးပါးနဲ့ မလွတ်မြောက်သမျှကာလပတ်သုံး လောကဓံနဲ့တော့ တွေ့ကြရမှာပဲ၊ ဗြဟ္မာပြည်ကြီး စိုးစံပြန်တော့လဲ ဗြဟ္မာ့လောကဓံခံရအုံးမှာပဲ၊ နေ့ခက်အသက်ကြီးရှည်ပြီးတော့ ဒုက္ခကြီးခံရအုံးမှာပဲ၊ နတ်၏စည်းစိမ် နတ်ပြည်ခြောက်ထပ်နေပေမယ့် နတ်၏လောကဓံခံရအုံးမယ်၊ လူ့ပြည်ကြီး နေရပြန်တော့လဲ လူ့လောကဓံခံရအုံးမယ်၊

လွတ်သလားဒကာကြီးရဲ့ (မလွတ်ပါဘူးဘုရား) ဒါကြောင့်မို့ အရိယာသူတော်ကောင်းများဟာ လောကသုံးပါး ဘုံသုံးပါးကို လွတ်မြောက်ချင်တဲ့စိတ်ရတယ်။ အဲဒီ ဘုံသုံးပါးနေချင်တာက ပုထုဇဉ်၊ ဘုံသုံးပါးလွတ်ချင်တာက အရိယာ၊

အခုလာရောက်တဲ့ အဖေတွေ အမေတွေ ဒွေးတော်တွေ မိကြီးတွေ နှမလေးတွေ ညီလေးတွေ ညီမလေးတွေ ဘုရားပေါင်းအသင်္ချေ အနန္တပွင့်သွားတာ ဘယ်ဘုရားနဲ့မှလဲမမီ၊ ရဟန္တာတွေပွင့်သွားတာ ဘယ်ရဟန္တာနဲ့မှလဲမမီ၊

ဒကာကြီး၊ သာသနာတပါတ်လှည့်လာတယ် ဒကာကြီးရဲ့ သာသနာတပါတ်ပြန်လှည့်လာတော့ ကာလ ဝိမုတ္တိယုဂခေတ် အနန္တသာသနာတပါတ်ပြန်ပေါ်လာပြီ အနန္တတရားမြင်အောင် ကြည့်ကြရမယ်နော်၊ အနန္တတရားမြင်မှ လူဖြစ်ကျိုးနပ်မယ်၊ သံသရာကြီးကို လွတ်မယ်၊ မမြင်လို့ရှိရင်တော့ လွတ်မယ်မဟုတ်ဘူး။ ဦးပဥ္စင်းတို့လဲ လောကဓံနဲ့ရင်ဆိုင်နေရတာပဲ၊

## ကိုယ့်အမြစ် ကိုယ်မြော

အဲဒီတော့ ဦးပဉ္ဇင်းဟာ အတိတ်ကာလတုန်းက လူဆိုးကြီး ဒကာကြီးရဲ့ အတိတ်ကာလတုန်းက ခေါ်ပြတိုက်ခဲ့တယ်၊ လုပ်ချင်တာတွေ လုပ်ခဲ့တယ်၊ ၄၆ နှစ်တုန်းက အကြောင်းတွေကို ဖော်ပြောနေတာဘဲ၊ ဘာမှမဖုန်းဘူး ဖော်ပြောတယ်ဆိုတာ ကိုယ့်အမြစ်ကိုယ်မြောတာ သူများအမြစ်ကို ပြောလို့ရှိရင် စေတနာက ကံဖြစ်သွားပြီ၊ အခုနက ခမ့်ဆရာတော် ဟောသွားတယ်မဟုတ်လား။ စိတ်မပါနဲ့ စိတ်မပါနဲ့တဲ့ စိတ်တွေ ဒကာကြီးရဲ့၊ လောကမှာ စိတ်အုပ်ချုပ်နေတာ၊

## ခန္ဓာကမြင်တဲ့ သစ္စာ

အခုဏကတုန်းက တရားတောင်းတဲ့ ယောဂီက သစ္စာလေးချက်ကို တောင်းသွားတယ်နော်၊ သစ္စာလေးချက်တောင်းသွားတော့ ဒီမယ်၊ အဲ...ခန္ဓာကမြင်တဲ့ သစ္စာကိုဟောမယ်၊ ခန္ဓာကမြင်တဲ့ သစ္စာလေးပါးကို ကလေးလဲသိအောင် လူကြီးလဲသိအောင် ဦးပဉ္ဇင်းသိတဲ့သစ္စာကို ဟောမယ်၊ သစ္စာလေးချက်ကို တောင်းသွားတာကိုး၊ သူတောင်းတဲ့ တရားကိုဘဲ ဟောရမှာဘဲ၊

အဲဒီတော့ ဦးပဉ္ဇင်းတို့သိသရာ လဆန်းတရက်ထဲက ဒကာကြီး ကမ္ဘာတွေပြန်းလာခဲ့တယ်၊ ပုထုဇဉ်ဘဝဖြစ်တော့ ပုထုဇဉ်သစ္စာဖြစ်ခဲ့တယ်။ အရိယာသစ္စာမမြင်ဘူး၊ အဲဒီတော့ ပုထုဇဉ်သစ္စာ အရိယာသစ္စာ နှစ်မျိုးကို တံခါးခြောက်ပေါက် အာရုံ



ာ အာရုံ ၆ နဲ့ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်းဟာဖြင့် မြင်လိုက်တဲ့အချိန်အခါမှာလဲ ဒကာကြီးတို့ ပုထုဇဉ်တို့သစ္စာတမျိုး၊ အရိယာတို့ မြင်လိုက်တဲ့အချိန်အခါ၊ အရိယာတို့ မြင်တဲ့သစ္စာက တမျိုး၊ ပုထုဇဉ်နဲ့အရိယာ အမြင်ချင်းတူပါ့မလား။ (မတူပါဘုရား) ပုထုဇဉ်အသိနဲ့ အရိယာအသိ တူပါ့မလား။ (မတူပါဘုရား) အဲဒီတော့ အသိချင်းလဲမတူဘူး။ အမြင်ချင်းလဲမတူဘူး အရိယာအမြင်ကတမျိုး၊ ပုထုဇဉ်အမြင်ကတမျိုး၊ ပုထုဇဉ်မြင်တဲ့သစ္စာ၊ ပုထုဇဉ်ပိုသိတဲ့အသိ၊ ပုထုဇဉ်တို့ရဲ့သစ္စာ။ အရိယာမြင်တဲ့အမြင်ကတမျိုး၊ အရိယာသိတဲ့အသိကတမျိုး၊ အရိယာကတမျိုး၊

## (၄၆)နှစ်လုံးလုံး အမြင်မှားပုံ

အဲဒီတော့ ဒကာကြီး၊ ဦးပဉ္ဇင်းဟာ (၄၆)နှစ် လုံးလုံးက မြင်တဲ့အမြင်၊ အသိ၊ စေတနာတွေပြောမယ်၊ အကြောင်းပေါ်တော့ အကျိုးတရားဖြစ်ပုံ၊အကြောင်းသမုဒယဖြစ်တော့ အကျိုး ရုပ်နာမ်ဖြစ်ပုံ၊ အရိယာက အကြောင်း မဂ္ဂသစ္စာ ဖြစ်ပြီးတော့ အကျိုးတရား နိရောဓသစ္စာ ဖြစ်ပုံ၊ သစ္စာလေးချက်၊သစ္စာလေးချက်က စိတ်ကိုသိမှ၊ စိတ်ရဲ့အစဉ်ကိုသိမှ၊ အဲဒီတော့ မြင်ပြီးသိတဲ့အသိတွေက ကမ္ဘာလဆန်း တရက်ထဲက ကမ္ဘာတွေ ပြန်းခဲ့တယ်ဒကာကြီးရဲ့၊ ပြန်းခဲ့တာကိုမသိခင်၊ မသိခဲ့ဘဲနဲ့ ဘဝတွေ ပြန်ပြီး စပြိုင်ပြန်ခဲ့တယ်၊ လူချမ်းသာကိုလိုချင်တယ်၊ နတ်ချမ်းသာလိုချင်တယ်၊ ဗြဟ္မာ့ချမ်းသာလိုချင်တယ်။ ဘဝတွေကို တပ်

မက်ပြီးတော့ ပြန်ပြန်ခဲ့တယ် ဒကာကြီးရဲ့၊ ဒါကြောင့်မို့လို့ သံသရာစက်ကြီးမှာ ကမ္ဘာတွေ ပြုန်းပြီးတော့ သံသရာ ကျွတ်ကင်း ခလျှောက်လည်ခဲ့တယ်။

အဲဒါကြောင့်မို့လို့ အခုလာရောက်ကြတဲ့ အမေတွေ အဖေတွေလဲဘဲ ဘေးဒုက္ခဝဋ်တွေကလွတ်ချင်ရင် သူများစိတ်၊ သူများ အကြောင်းကို မပြောကြနဲ့၊ ကိုယ့်စိတ်ကလေးကို ကိုယ် အကဲ ခတ်ကြ၊ ကိုယ့်စိတ်ကလေးကို ကိုယ်စစ်မှသိမယ်၊ စိတ်ကလေးတွေ ငြိမ်မှသိမယ်၊ ကိုယ့်စိတ်ကို ကိုယ် အကဲမခတ်တတ်လို့ရှိရင် လမ်း သရဲစိတ်တွေဖြစ်လိမ့်မယ်၊ လမ်းသရဲစိတ်ဆိုတာ ငြိမ်တာမဟုတ် ဘူး၊ စိတ်ကိုပြောတာနော်၊ ကိုယ့်စိတ်ကိုယ်စစ်ရမယ့်အချိန်ကျ လာပြီ၊ ကိုယ့်စိတ်ကိုယ်မစစ်ဘဲနဲ့ သူများစိတ် သွားစစ်လိုက်လို့ ရှိရင် တကာကြီး သံသရာကြီးကို ကျွတ်ကင်း ခလျှောက်လှည့်ရ လိမ့်မယ်။

အဲဒီတော့ ဦးပဉ္စင်း (၄၆)နှစ်လုံးလုံး တံခါးခြောက်ပေါက် အာရုံ ၅ အာရုံ ၆ နဲ့ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း ဟာဖြင့် ရုပ်လဲမသိခဲ့ဘူး၊ နာမ်လဲမသိခဲ့ဘူး၊ ပညတ် ပရမတ်လဲမကွဲခဲ့ဘူး၊ နာမ်ဖြစ်နေတဲ့အာရုံကြောင့် ဥပါဒါန်နာမ်ရုပ်လဲ မသိဘူး။

ဘုရားကတော့ လက္ခဏာကို မြင်အောင်ကြည့်တဲ့၊ ခန္ဓာငါး ပါးကို မြင်အောင်ကြည့်တဲ့၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာ၊ ဝေဒနာကို ဝေဒနာမှန်းသိတဲ့၊ အဲဒါ တလုံးမှမသိခဲ့ ဘူး၊ နာမ်ခန္ဓာလေးပါး၊ ရုပ်တပါး၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ် ပါးသာ သူများပြောသံကြားလို့ သိခဲ့တယ်။

ဦးပဉ္စင်း အတိတ်က ၄၆ နှစ်လုံးလုံး မြင်နေတာက မိစ္ဆာဒိဋ္ဌိ



အမြင်ကြီး၊ သမ္မာဒိဋ္ဌိအမြင်ကိုမမြင်ခဲ့ဘူး၊ မိစ္ဆာဒိဋ္ဌိကအမှားမြင် သမ္မာဒိဋ္ဌိက အမှန်မြင်၊ အမှန်မြင်ရမှာက လက္ခဏာရုပ် လက္ခဏာ နာမ်၊ မရှိတာကိုမြင်တာက မိစ္ဆာဒိဋ္ဌိ၊ မရှိတာကို ဦးပဉ္စင်းက မြင်ခဲ့တယ်တကာကြီး။

ဘယ်လိုမြင်ခဲ့သလဲ၊ မျက်စိနဲ့မိန်းမမြင် မိန်းမတဲ့သိတယ်ဆိုရင် ဒါ မိစ္ဆာ။ အဲဒီလိုမိန်းမမြင် မိန်းမသိတာကတော်သေးရဲ့၊ မိန်းမ အပေါ်ကို စိတ်ထားကလေးက လာပြန်ပြီတကာကြီးရဲ့။ ဘယ်လို ဖြစ်လာသလဲ (မိန့်တော်မူပါဘုရား) နှစ်သက်ပြီးတော့ ရာဂတွေ ဖြစ်လာတယ်။ ဒီရုပ်ကန္ဓာ ရုပ်တရားအပေါ်မှာ မှီပြီးတော့ဖြစ်တဲ့ ဦးပဉ္စင်းနော်၊ မရှိတဲ့တရားကိုအမြင်မှားပြီး၊ အသိမှားပြီးအယူ မှားသွားတာ။ မျက်စိနဲ့မြင်လိုက်တဲ့အခါ အယူ မှားသွားတာ။ မိန်းမရယ်လို့ မြင်လိုက်တယ်၊ မိန်းမရယ်လို့ သိလိုက်တယ်၊ မိန်းမ ကို စွဲလမ်းသွားတာဘဲ။ ၄၆ နှစ်လုံးလုံး မြင်သိလာတဲ့ အမှား၊ အသိမှား၊ အယူမှား။ မျက်စိနဲ့မြင်လိုက်တယ်၊ မြင်လိုက်တာတည်း ကိုက ချောတာလေးမြင်တော့ ချောတာလေးကို သိလိုက်တယ်၊ ဝတာမြင်တော့ ဝတာကိုသိလိုက်တယ်၊ ဖြူတာ မြင်တော့ ဖြူ တာကို စွဲလမ်းသွားတယ်။

ဘုရားကတော့ မင်းတို့ လက္ခဏာကို မြင်အောင် ကြည့်တဲ့။ လက္ခဏာကို မြင်အောင်ကြည့်ဆိုတာ ဦးပဉ္စင်းက ဘာမှန်းမသိ ခဲ့ဘူး။ (မှန်ပါ) လက္ခဏာရုပ်၊ လက္ခဏာနာမ် ပေါ်နေတာက လက္ခဏာရုပ်၊ လက္ခဏာနာမ်တွေ။ မရှိတဲ့ တရားတွေ ဦးပဉ္စင်းက မြင်ခဲ့တယ်တကာကြီးရဲ့။ အဲဒီ အမြင်မှား အယူမှား အသိမှား က ဒိဋ္ဌိ ဘုရားကတော့ ဟောထားတယ်။ ခန္ဓာငါးပါးဟာ

ဓမ္မတဲ့။ ရူပက္ခန္ဓာလဲခမ္မ၊ ဝေဒနက္ခန္ဓာလဲခမ္မ၊ သညာလဲခမ္မ၊သင်္ခါရလဲခမ္မ၊ ဝိညာဉ်လဲခမ္မတဲ့။ နာမ်ခန္ဓာ လေးပါး၊ ရုပ်တရားခန္ဓာ ငါးပါး၊ (မှန်ပါ့) အဲဒီမြင်လိုက်တဲ့အချိန်အခါ ရူပက္ခန္ဓာ ရုပ်ကိုမှ ကြီးပေါ်မှာ မှီပြီးတော့ဖြစ်တဲ့စိတ်အစဉ်ကလေးတွေ၊ဘယ်စိတ်တွေဖြစ်သလဲ၊ ဦးပဉ္ဇင်းဖြစ်ခဲ့တာတွေ၊ အမြင်မှား၊အယူမှား၊ အသိမှားခဲ့တာကိုး။ ဘယ်ဟာရူပက္ခန္ဓာမှန်းလဲမသိဘူး၊ ဝေဒနာကို ဝေဒနာမှန်းလဲမသိဘူး။ သညာ သညာက္ခန္ဓာ၊ သညာက္ခန္ဓာ မှန်းလဲမသိဘူး။ သင်္ခါရက္ခန္ဓာ၊ သင်္ခါရခန္ဓာမှန်းလဲ မသိဘူး။ မနောဝိညာဉ်၊ မနောဝိညာဉ်မှန်းလဲမသိဘူး။

## မသိတော့ အကြောင်းသမုဒယတွေ

မသိတော့ ဒီရူပက္ခန္ဓာ မြင်လိုက်တဲ့အပေါ်မှာကို ရူပက္ခန္ဓာပေါ်မှာ ဝေဒနာတွေ ဖြစ်ခဲ့တာ မျက်စိနဲ့ မြင်လိုက်ပြီတကာကြီး။ မြင်လိုက်တဲ့အခါမှာ ကိုယ်ကြိုက်နှစ်သက်တဲ့ တကာမကို မြင်လိုက်တဲ့အခါမှာ အဲဒီတကာမကို ဦးပဉ္ဇင်းသာယာနေတယ်၊ လောဘရဲ့ဝေဒနာတွေ ဖြစ်နေတယ်၊ ဝေဒနာ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား) ဝေဒနာခနော် (မှန်ပါ့) အဲဒီမျက်စိပေါက်က ဒေါသရဲ့ဝေဒနာ၊ မောဟရဲ့ဝေဒနာ။

အဲဒီဝေဒနာတွေဖြစ်တော့ တကာကြီး၊ ဒီဝေဒနာ တွေက ဘာလဲတဲ့၊ အကြောင်းသမုဒယပေါ့ (မှန်ပါ့ ဘုရား) ဦးပဉ္ဇင်း မျက်စိပေါက်ကပစ္စုပ္ပန်မြင်တိုင်း၊ လောဘရဲ့ဝေဒနာတွေ ဖြစ်လိုက်၊ ဒေါသဝေဒနာတွေ ဖြစ်လိုက်၊ အဲဒီလောဘနဲ့ ဒေါသ



ဝေဒနာဟာဖြစ်တာ ဘာကြောင့် ဖြစ်တာလဲလို့ အကြောင်းရှာလိုက်တော့ သစ္စာလေးပါး မမြင်လို့ ။ ရုပ်မမြင်လို့၊ ရုပ်နဲ့နာမ် မသိလို့၊ မောဟဖုံးလွှမ်းခြင်းကြောင့်မို့လို့ မျက်စိက မြင်လိုက်တဲ့အချိန်အခါမှာ လောဘဝေဒနာ၊ အကြောင်းတရားဒေါသ ဝေဒနာ၊ အဲဒီအကြောင်းတရား သမုဒယ ဖြစ်မနေဘူးလားဗျ (ဖြစ်ပါတယ်ဘုရား)ဝေဒနာပေါ်နေပြီဒီဝေဒနာ အကြောင်း သမုဒယ ဖြစ်နေရင် အကျိုးတရား ခန္ဓာငါးပါး ဒုက္ခသစ္စာ ရတော့မယ်၊ အခု ပစ္စုပ္ပန်အကြောင်း ပေါ်နေဘီ။

ဦးပဉ္ဇင်းတို့ အတိတ်က အကြောင်းကဘာလဲ ဒါကကုသိုလ်က ဝေဒနာအကြောင်း၊ အကုသိုလ်က ဝေဒနာအကြောင်း၊ အခု ခန္ဓာငါးပါး ဖြစ်နေတာ အကျိုးတရား ခန္ဓာငါးပါး မဟုတ်လား။ (မှန်ပါ့ဘုရား) အခု ပစ္စုပ္ပန်ကာလအကြောင်း ပွားလိမ့်မယ်၊ အနာဂါတ်အကျိုးတရား ဒုက္ခသစ္စာရတော့မယ်။ (မှန်ပ)ဒုက္ခသစ္စာလေ (မှန်ပ)အတိတ်က(၄၆)နှစ်လုံးလုံး မြင်လိုက်တဲ့အချိန်အခါမှာ ဦးပဉ္ဇင်းပြုခဲ့တဲ့ ဝေဒနာအကြောင်း သမုဒယတွေ ဖြစ်ခဲ့ပြီ။မျက်စိနဲ့မြင်လိုက်တဲ့အချိန်အခါ လောဘရဲ့ ဝေဒနာအကြောင်းတရား၊ ဒေါသရဲ့ ဝေဒနာအကြောင်း တရား၊ မောဟရဲ့ဝေဒနာအကြောင်းတရား၊ အကြောင်းတွေ ပေါ်ကုန်ပြီ။ (ပေါ်ကုန်ပါပြီဘုရား)

မြင်လိုက်တာနဲ့တပြိုင်နက် မျက်စိကမြင်လို့ အကြောင်း ပေါ်သေးသလား မဟုတ်သေးဘူး။ နားနဲ့အသံကို ကြားလိုက်တဲ့အခါ အသံရဲ့ ဓမ္မရုပ်ပေါ်မှာ အသံရဲ့ ဓမ္မရုပ်မှန်းလဲမသိဘူး။ ရုပ်လဲမသိဘူး၊ နာမ်လဲမသိဘူး၊ သစ္စာလေးပါးလဲမမြင်ဘူး။

နာမ်၏အာရုံကြောင့် ဖြစ်နေတဲ့ဥပါဒါန်၊ နာမ်ရုပ်လဲမသိဘူး၊ မသိခဲ့လို့ ဘယ်စိတ်တွေဖြစ်သလဲ၊ ကြိုက်နှစ်သက်တဲ့ အသံကလေးကိုကြားလိုက်တော့ သာယာတယ်။ မကောင်းတဲ့အသံ ကြားလိုက်တော့ မသာယာဘူး။ ဒေါသဖြစ်သွားပြီ၊ ကြိုက်နှစ်သက်တဲ့ အသံလေးကြားလိုက်တော့ သာယာတယ်၊ လောဘစေတနာတွေ မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား) မကြိုက်နှစ်သက်တဲ့ အသံကြားလိုက်တော့ ဒေါသမဖြစ်ပေဘူးလား။

ဘုရားက စေတနာကံ တပ်ထားတယ်၊ စေတနာကံတဲ့ ကံ မျက်စိပေါက်ကလဲ လောဘရဲ့စေတနာ၊ ဒေါသရဲ့စေတနာ၊ မောဟရဲ့စေတနာ မြင်ဆဲ ပစ္စုပ္ပန်မှာ ဝိပရိဏာမ သင်္ခါရ (မှန်ပါဘုရား) နားနဲ့ အသံကြားလိုက်တဲ့အခါမှာ အသံ၏ ဓမ္မရုပ်ပေါ်မှာ လောဘရဲ့ စေတနာတွေ ဖြစ်မနေပေဘူးလား။ (ဖြစ်နေပါတယ်ဘုရား) နားကတဲလား မဟုတ်သေးဘူးတဲ့နှာခေါင်းကလဲ ဖြစ်သေးတယ်။ နံလိုက်တဲ့အချိန်မှာ အသိမရှိဘူး သတိပဋ္ဌာန်လေးပါးနဲ့ မျက်စိကလဲ အသိမရှိဘူး။ မြင်လိုက်တဲ့အခါအသိမကပ်ဘူး နှာခေါင်းကလဲ အသိမကပ်ဘူး။ ပါးစပ်ကလဲ အသိမရှိဘူး၊ မြင်လိုက်တဲ့အခါ အသိမကပ်ဘူး၊ မြင်လိုက်တဲ့အခါ သတိပဋ္ဌာန်လေးပါးနဲ့ အသိမရှိဘူး၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတာလဲ မရှိဘူး။ သတိပဋ္ဌာန်လေးပါးဆိုတာ ဝေလာဝေးပြောတော့ သတိပဋ္ဌာန်ပြောတာ ဦးပဉ္ဇင်းတို့ ပြောသံကြားပေမယ့် သတိပဋ္ဌာန်ကို မသိခဲ့ဘူး၊

မသိတော့ ဒကာကြီး၊ နှာခေါင်းနဲ့ အနံ့ ထိမှန်လိုက်တယ်၊ အနံ့၏ ဓမ္မရုပ်ပေါ်မှာ ကြိုက်နှစ်သက်တဲ့ အနံ့လေးနံလိုက်တော့



သာယာတယ်။ အနံ့ရုပ်ပေါ်မှာ လောဘဖြစ်နေပြန်ပြီ ဒကာကြီးရဲ့ မကြိုက်မနှစ်သက်တဲ့ အနံ့ကိုနံလိုက်တော့ မနံချင်တဲ့ ဒေါသရဲ့ စေတနာမဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား) ဒီလောဘရဲ့စေတနာ၊ ဒေါသရဲ့စေတနာဟာ အနံ့ရုပ်ပေါ်မှာ ဘာကြောင့်ဖြစ်သလဲလို့ အကြောင်းပြန်ရှာလိုက်တော့ အနံ့၏ ရုပ်ဝေဒနာမှန်းမသိလို့၊ ပညတ် ပရမတ်လဲ မကွဲလို့၊ နာမ်၏အာရုံကြောင့် ဖြစ်နေတဲ့ ဥပါဒါန် ခန္ဓာငါးပါးလဲ မသိလို့၊ သစ္စာလေးပါးမမြင်လို့၊ ပစ္စုပ္ပန်မမြင်ခြင်းမို့လို့ အနံ့၏ ဓမ္မရုပ်ပေါ်မှာ မောဟဖုံးလွှမ်းခြင်းကြောင့်မို့လို့၊ အနံ့၏ရုပ်ပေါ်မှာ လောဘရဲ့စေတနာ ဒေါသရဲ့စေတနာ မောဟရဲ့ စေတနာ ဒီစေတနာတွေ မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား) နှာခေါင်းက သာဖြစ်သလား မဟုတ်သေးဘူး ဒကာကြီးရဲ့၊

## ဒီနေ့ ဆွမ်းအလှူမှာ

ပစ္စုပ္ပန်စားခိုက်မှာ ဒီကနေ့များများ ဥက္ကလာပက ဒကာ ဒကာမတွေ ဦးပဉ္ဇင်းတော့ ဒီမယ်ရိုးကြူးတယ်၊ ခုံကြီးကိုမြည်လို့ ဟိုတေရုံကြီး နှစ်ပါးကလဲရှိတာကို ဒကာကြီးရဲ့ဟာ ကျွေးလိုက်တာ မွေးလိုက်တာတွေ ဥက္ကလာပတော့ ချမ်းသာနေတာဘဲ၊ စေတနာ စေတနာ၊ စေတနာကံတပ်တာ ဘုရားက စေတနာတယ်ကောင်းတယ်။ ဦးပဉ္ဇင်းက ဘာစားသလဲဆိုတော့ ပဲတောင်းယားသီးနဲ့ ငါးပိနဲ့ တွယ်လိုက်တာဘဲ ဟာစားလို့ မိန်လိုက်တာ တခါထဲအင့်သွားတာဘဲ၊ ဦးပဉ္ဇင်းလို သဲအင်းဂူက

ကျင့်နေသဲသံသာတွေ စားလိုက်တာလဲ အင့်နေတာဘဲ၊ အဲဒီ
တော့ ဦးပဉ္ဇင်းကလဲ ဒကာ ဒကာမတွေ မှုအောင်ပေးမယ်၊
မကောင်းဘူးလား။ သူ့စေတနာကို စေတနာနဲ့ တုံ့ပြန်ရမှာကို၊
ဒရာ ဒကာမကြီးတွေပြောလို့ စားတုန်းက ကောင်းတယ်
လို့ပြောရတာ လှူကြတဲ့စေတနာကို ဒီက ဝိပဿနာတရားက
ဝေဒနာနဲ့ ခံထားတယ်။ စေတနာကို ဝေဒနာနဲ့ ခံထားတယ်၊
ဝေဒနာခံလာတာနဲ့ မစားဘူး၊ စေတနာကို ဝေဒနာနဲ့ ခံထား
တော့ တုံ့ပြန်သွားပြီ၊ မှန်ပ တုံ့ပြန်ပါတယ်ဘုရား) အဲဒီ စေ
တနာကို လောဘကြီးနဲ့ အောင်မယ်လေ၊ ကောင်းလိုက်တာ
ဘယ်သင်းကကောင်းလိုက်တာဆိုလို့ ရှိရင် ဒကာမကြီးတွေကော
ဘုန်းပေးပ ဘုရား ဘုန်းပေးပ ဘုရားလို့ (ဖြစ်နေမှာပါ)

ဒီက လောဘနဲ့စားရော၊ ဒကာမကြီးတွေစေတနာကို ဒီက
"ဝမ်"သွားရော ကိုယ်ကျိုးနဲ့ရော (ကိုယ်ကျိုးနဲ့ပါမယ်ဘုရား)
ဒကာမကြီးတွေစေတနာကို ဒီက ဝေဒနာနဲ့ခံထားတယ်။ အဲဒီ
တော့ ဒကာမကြီးတွေ အကျိုးမရှိဘူးလား (ရှိပါတယ်ဘုရား)
စားတဲ့အစာဝေဒနာဘဲ၊ ချိုတာစားလဲဝေဒနာ၊ ဖန်တာစားလဲ
ဝေဒနာ၊ ဝေဒနာပါလား။ ဝေဒနာဆိုတာ သူ့စေတနာကို
ဝေဒနာနဲ့ ခံထားတယ်၊ သူ့စေတနာကို လောဘနဲ့ ခံထားလို့
ရှိရင် စေတနာမြင်သွားပြီ။ ဘာစေတနာဖြစ်သွားသလဲ၊ လောဘ
ရှိစေတနာ၊ ဒီစေတနာအကြောင်းပေါ်မသွားဘူးလား (ပေါ်
သွားပါတယ်ဘုရား) ဝေဒနာနဲ့ခံလိုက်တော့ ရူပက္ခန္ဓာ၊ ဝေဒနာ
က္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ နာမ်ခန္ဓာလေးပါး၊
ရုပ်တရားခန္ဓာငါးပါး ရှိတဲ့အနက်က အရသာ၏ ရုပ်ဝေဒနာကို





ဆွမ်းတော်ဘောဇဉ် အာဟာရတို့ကို မပါးစပ်တော်မှ ဘုဉ်းပေးရန် ခက်ခဲသည့်
အခြေအနေတွင် ဆရာဝန် များက ပိုက်ဖြင့်ကိုအသုံးပြု၍...

ဝေဒနာနဲ့ခံထားလိုက်တော့လောဘစေတနာချုပ်မသွားဘူးလား (ခံစားပြီး ချုပ်သွားပါတယ် ဘုရား) အဲဒီတော့ ဥက္ကလာပက တကာ တကာမတွေ စေတနာတွေ လှူလိုက်တဲ့ဥစ္စာ သင်္ကန်းက ကျင့်ကြံအားထုတ်တဲ့ ရဟန်းတွေက ဝေဒနာနဲ့ခံထားတယ်။ သူ့ စေတနာကို ဝေဒနာနဲ့ခံထားတယ်။

## ဝိပရိဏာမ သင်္ခါရ

ဝိပရိဏာမသင်္ခါရဆိုတာ တချို့က သင်္ခါရမြင်အောင်ကြည့် ဆိုတော့ သင်္ခါရဘာကိုကြည့်သလဲ၊ ဖြစ်တယ်၊ ပျက်တယ်၊ ဖြစ်တယ်၊ ပျက်တယ် ဒါဘဲ သွားကြည့်ကြတယ်။ ဖြစ်တာက ဘာလဲ ပျက်တာက ဘာလဲ ဒါကို မကြည့်ကြဘူး။ မျက်စိက မြင်တယ် ပျက်တယ်၊ နားကကြားတယ် ပျက်တယ်၊ နှာခေါင်းက နံတယ် ပျက်တယ်၊ မျက်စိကဘယ်တော့မှမပျက်ဘူး၊နားက ဘယ်တော့မှ မပျက်ဘူး၊ နှာခေါင်းက ဘယ်တော့မှမပျက်ဘူး၊ ကိုယ်ရုပ်ကြီး၊ ကံကုန်မှပျက်တယ်၊ကံမကုန်ရင်ဘယ်တော့မှမပျက်ဘူး၊ကံကုန်မှပျက်တဲ့တရား။ ဒါဖြင့် မျက်စိက ပျက်တယ်ဆိုရင် နောက်အကြည့် လေး ဖြစ်ပါဦးမလား။ (မဖြစ်တော့ပါဘုရား) နားပျက်သွားရင် နောက်ကြည့်ပါဦးမလား၊ (မကြည့်တော့ပါဘုရား) ပျက်တာ မဟုတ်ဘူး။ အဲဒါ သင်္ခါရခေါ်တယ်နော်၊ သင်္ခါရ။

ဘာကြောင့်သင်္ခါရလဲဆို၊ လူ့သဘာဝ အတိုင်းသူ ခဏခဏ ကြည့်နေတာဘဲမဟုတ်လား။ သူက ကြည့်တတ်တဲ့သဘော ကြည့်နေတာဘဲ။ အသိတခုပေါ်မှ သူကကြည့်တတ်တယ်။အသိတခုပေါ်

မှုကြည့်တယ်။ စိတ်စေတသိတ် ရုပ်နိဗ္ဗာန်တဲ့။ အဲဒါ နိဗ္ဗာန်မြင်အောင်ပြောတာနော်။ သေသေချာချာဒီမယ်၊ မနောဒွါရနဲ့နာ၊ မျက်စိကလဲမြင်တယ်၊ အဆင်းတခုပေါ်လဲကြည့်တယ်။ အဲ ဘယ်မှာပျက်လိုလဲ။ တချို့က မျက်စိက မြင်လို့ပျက်၊ နားကကြားလို့ပျက်၊ နှာခေါင်းကနံလို့ပျက်၊ ပါးစပ်ကစားလို့ပျက်၊ ကိုယ်ကသိလို့ပျက်၊ မနောကသိလို့ပျက်၊ ဘယ်တော့မှမပျက်ဘူး။ ကံရုပ်ကြီး ဒီကံကုန်မှပျက်တယ်။ ဒီကံမကုန်ရင် ဘယ်တော့မှ မပျက်ဘူး။ အဲဒီတော့ ဘာကိုကြည့်ရမလဲတဲ့။ ဘုရားက ဒုက္ခကြည့်တဲ့။ သင်္ခါရဒုက္ခကို ဘယ်ဟာကြည့်မလဲ။ မျက်စိအကြည့်ကိုမကြည့်နဲ့ အကျိုးတရားကြီး။ နားအကြည့်ကိုမကြည့်နဲ့ အကျိုးတရားကြီး။ နှာခေါင်းအကြည့်ကိုမကြည့်နဲ့ အကျိုးတရားကြီး။ လျှာအကြည့်ကိုမကြည့်နဲ့ အကျိုးတရားကြီး။ ကိုယ်အကြည့်ကိုမကြည့်နဲ့ အကျိုးတရားကြီး။ မနောအကြည့်ကို မကြည့်နဲ့ အကျိုးတရားကြီး။ ကြည့်ရမှာက ပစ္စုပ္ပန်အကြောင်း။ အကြောင်းကိုသတ်မှ အကျိုးခန္ဓာငါးပါးပျက်မယ်။ အနာဂါတ်မှာ ရပ်မယ်။ သစ္စာလေးပါးပြောချင်လို့။ ပစ္စုပ္ပန် အကြောင်းတရားမှ မသတ်ဘဲ အကျိုးတရား လွတ်ပါ့မလား။ မျက်စိကြီးက အကျိုးတရားကြီးမဟုတ်လား။ နားကကော၊ နှာခေါင်းကကော၊ ပါးစပ်ကကော၊ ကိုယ်ကကော၊ မနောကကော (အကျိုးတရားပါ ဘုရား)

ဒီအကျိုးတရားကြီး ဖြစ်နေတဲ့ဥစ္စာ ကံကုန်မှပျက်မယ်။ ကံမကုန်ရင် ပျက်ပါ့မလား (မပျက်ပါဘုရား)အဲ ကံကုန်မှ ပျက်မဲ့တရားကြီးနော်။ အဲဒီတော့ဘုရားက သင်္ခါရဒုက္ခ မြင်အောင်ကြည့်တဲ့။



## လောဘ၊ ဒေါသ၊ မောဟ

သင်္ခါရဒုက္ခဆိုတာ ဘယ်ဟာလဲဆိုတော့ ဒကာကြီး မျက်စိနဲ့ မြင်လိုက်တယ်။ လောဘရဲ့စေတနာ၊ ဒေါသရဲ့စေတနာ၊ မောဟရဲ့စေတနာ၊ သင်္ခါရဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား) ဝိပရိဏာမ၊ သင်္ခါရ။ အော် – ငါ့စိတ်အစဉ်ကလေးက အော်... တော်တော်ကြာ လောဘဖြစ်လိုက်၊ တော်တော်ကြာ ဒေါသဖြစ်လိုက်၊ တော်တော်ကြာ မောဟဖြစ်လိုက်၊ ဒီစေတနာတွေပါလား။ မျက်စိပေါက်ကမြင်လိုက်တဲ့ဥစ္စာ၊ ဟိုဟာကတော့ ဓမ္မဘဲ။ ဒီအပေါ်မှာ မှီမှီပြီးတော့ လောဘ၊ ဒေါသ၊ မောဟ ဖြစ်လိုက်၊ ဒီစေတနာတွေ ဝိပရိဏာမသင်္ခါရဘဲ။ ဒီလိုမြင်တာ အကြောင်းပေါ်တာဘဲ။ ဒီအကြောင်းတရား မြင်လို့ရှိရင် အခုပစ္စုပ္ပန်ကာလမှာမျက်စိက လောဘစေတနာ၊ ဒေါသစေတနာ၊ မောဟစေတနာ၊ ဒီစေတနာအကြောင်း ဖြစ်နေလို့ရှိရင် အနာဂါတ်ကျရင် အကျိုးတရား ဒုက္ခသစ္စာ ခန္ဓာငါးပါးမှာ ဒုက္ခရတော့မှာပါလား။ အခုပစ္စုပ္ပန်ကာလ အကြောင်း မြင်တယ်။ အနာဂါတ်ခန္ဓာငါးပါး ကံကုန်လို့ ပျက်မယ်ဆိုရင် အကျိုးတရား ဒုက္ခသစ္စာမြင်တယ်။ အရိယာများကမြင်တယ်။ ပုထုဇဉ်က မမြင်ဘူး။

ဦးပဥ္စင်း (၄၆)နှစ်လုံး မမြင်ဘူး။ ဘာမြင်နေသလဲ အခုနလိုမြင်နေတယ်။ ဘယ်လိုစိတ်အစဉ်တွေ ဝိပရိဏာမ သင်္ခါရတွေ ဖြစ်နေသလဲလို့ ဆိုလို့ရှိရင်၊ လျှာနဲ့ အရသာနဲ့ စားလိုက်

တယ်။ ရသာရုပ်ပေါ်မှာ ကြိုက်နှစ်သက်တဲ့ အရသာလေး စားလိုက်တော့ လောဘစေတနာဖြစ်တယ်။ မကြိုက်နှစ်သက်တဲ့ အစားလေးစားလိုက်တော့ ဒေါသစေတနာ၊ ဒီဒေါသနဲ့ လောဘအကြောင်း ပြန်လိုက်တော့ ရသာ၏ရုပ်ပေါ်မှာ ဝေဒနာ ဝေဒနာမှန်းမသိလို့၊ သစ္စာလေးပါး မမြင်လို့ မောဟဖုံးလွှမ်းခြင်းကြောင့်မို့လို့ အသိလဲမရှိလို့၊စားခိုက်မှာ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ ဒီစေတနာသုံးခုဖြစ်တယ်။ ဝိပရိဏာမ သင်္ခါရဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား) စိတ်အစဉ်ကလေးတွေ ဖြစ်မနေဘူးလား။ လောဘစိတ် ဒေါသစိတ် မောဟစိတ်၊ ဒီစိတ်သင်္ခါရဖြစ်နေတယ်။ အဲဒီစိတ်အစဉ်ကလေးနော်၊အဲဒါ ဝိပရိဏာမဘုရားက သင်္ခါရတဲ့၊အဲဒီသဘောကို မြင်အောင်ကြည့်ရမယ်။ အကြောင်းကို ပေါ်အောင်ကြည့်ရမယ်။ အကျိုးကိုမကြည့်ရဘူး။ အကြောင်းကိုကြည့်မှ အကျိုးရမယ်။ အခုတော့ မျက်စိက အကျိုးတရားကြည့်လို့၊အကြောင်းသေပါ့မလား။ (မသေပါဘုရား) အဲဒါကြောင့်မို့လို့ သစ္စာလေးပါးမမြင်လို့ ဒီမှာ ကမ္ဘာ့ကမ္ဘာတွေ လည်ခဲ့တာနော်၊

အဲ…ပါးစပ်ကနေပြီးတော့သာ စေတနာတွေ ဖြစ်သေးသလားတဲ့ မဟုတ်သေးဘူး ဒကာကြီး၊ ကိုယ်နဲ့ အတွေ့နဲ့ ထိမှန်လိုက်တဲ့အခါမှာလဲ ဖြစ်သေးသတဲ့။ ဘယ်လိုဖြစ်သလဲတဲ့ နူးညံ့တဲ့အတွေ့လေးတွေ့ရတော့ သာယာတယ်။ လောဘ ခဏခဏတွေ့ချင်နေတာပဲ၊ တော်တော်ကြာရင်း တွေ့ချင်ရင်း တော်တော်ကြာရင်း တွေ့ချင်ရင်း (မှန်ပါ့ဘုရား)



အစ္ဆရာသင်္ဃာတနဲ့ဓါတ်ကြီးလေးပါး ပေါ်လာပြီ ဒကာကြီးရဲ့ ဝေဒနာ ဒုက္ခမှန်းလဲမသိဘူး။ ဝေဒနာဖြစ်လာပြီ။ တင်းတာတွေ တောင့်တာတွေ ထုံတာတွေ ကျင်တာတွေ ပူတာတွေ အေးတာတွေ ကုတ်တာတွေ ယားတာတွေ အောင့်တာတွေ ကိုက်တာတွေ အဲဒါတွေဖြစ်လာတော့ မခံနိုင်ဘူး။ ဒေါသရဲ့ စေတနာဖြစ်လာပြီ။ (မှန်ပါ့ဘုရား) နူးညံ့တဲ့ အတွေ့လေးတွေ့လိုက်တော့ သာယာတယ်၊ နှစ်သက်တယ်။ လောဘရဲ့ စေတနာ ဖြစ်သွားပြန်ပြီ။ ဓာတ်ကြီးလေးပါးပေါ်လာတော့ ဝေဒနာက္ခန္ဓာဖြစ်လာတော့ မခံစားချင်တဲ့ ဒေါသရဲ့ စေတနာ ဖြစ်ပြန်ပြီ။ အဲဒီ လောဘရဲ့ စေတနာရယ်၊ ဒေါသရဲ့ စေတနာရယ် ဖြစ်တာ ဘာကြောင့်ဖြစ်သလဲတဲ့ ပစ္စုပ္ပန်ကိုယ်နဲ့ အတွေ့နဲ့ ထိမှန်လိုက်တဲ့အခါမှာ သစ္စာလေးပါးမမြင်လို့၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ၊ ဝေဒနာကို ဝေဒနာမှန်းမသိလို့၊ရုပ်နဲ့ နာမ်ကိုမသိလို့ မောဟဖုံးလွှမ်းခြင်းကြောင့် အတွေ့၏ရုပ်ပေါ်မှာ လောဘရဲ့ စေတနာအကြောင်းတရား ဒေါသရဲ့ စေတနာအကြောင်းတရား မောဟရဲ့ စေတနာအကြောင်းတရား မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား) ရှေ့ကလဲ အကြောင်းပေါ်ကုန်ပြီ။ နားပေါက်ကလဲ ကြားခိုက်မှာ ပစ္စုပ္ပန်ပေါ်ပြီ နှာခေါင်းပေါက်လဲ နံခဲ့မှာပစ္စုပ္ပန်ပေါ်ပြီ။ လျှာနဲ့ ရသာနဲ့ စားလိုက်တဲ့အခါ ပစ္စုပ္ပန်စားခိုက်မှာ အကြောင်းပေါ်ပြီ။ ကိုယ်နဲ့အတွေ့နဲ့ထိလိုက်တဲ့အခါမှာ ပစ္စုပ္ပန်အကြောင်းတရား ပေါ်ပြီ။ အကြောင်းမပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)

## ကိုယ်ပြုတာ ကိုယ်ရတယ်

စေတနာတွေ စေတနာတွေ ဘုရားက စေတနာကံတဲ့ ကိုယ်ပြုတဲ့စေတနာ ကိုယ်ရတယ်။ (မှန်ပါဘုရား) ကိုယ်ပြုတဲ့ကံ ကိုယ်ရတယ်။ (ရပါတယ်ဘုရား) ကိုယ့်စေတနာ ကိုယ့်အကျိုးပေးတယ်။ (မှန်ပါဘုရား) ဘယ်ဟာလဲဆိုတော့ အတိတ်က (၄၆)နှစ်လုံးလုံး ဦးပဥ္စင်းရဲ့စေတနာကမျက်စိကလဲ လောဘရဲ့စေတနာ ဒေါသရဲ့စေတနာ၊ မောဟရဲ့စေတနာ၊ နားနဲ့အသံနဲ့ ကြားလိုက်တဲ့အခါ နှာခေါင်းနဲ့အနံ့ နဲ့ထိမှန်လိုက်တဲ့အခါ လျှာနဲ့ရသာနဲ့ ထိမှန်လိုက်တဲ့အခါ ကိုယ်နဲ့အတွေ့နဲ့ ထိမှန်လိုက်တဲ့ အချိန်အခါမှာ လောဘရဲ့စေတနာ ဒေါသရဲ့စေတနာ မောဟရဲ့ စေတနာ၊ ဒီစေတနာတွေချည်း ဖြစ်နေတယ်။

ဒီစေတနာတွေဟာ ဘယ်သူ့အကျိုးပေးသလဲ ဒကာကြီးရဲ့ (ကိုယ့်အကျိုးပေးပါတယ်ဘုရား) စိတ်ဘဲမဟုတ်လား။ ဒီစိတ်တွေ ဒီစေတနာတွေက ဘယ်သူ့မှအကျိုးမပေးဘူး။ ဦးပဥ္စင်းဘဲ အကျိုးပေးမှာဘဲ အဲဒီလောဘနဲ့ ဒေါသဓမ္မရုပ် ဖြစ်နေတာ ဘာကြောင့် အကြောင်းပြန်လိုက်တော့ ဒကာကြီး၊ သစ္စာလေးပါးမမြင်လို့ (မှန်ပါဘုရား) နာမ်နဲ့ရုပ်မသိလို့ ပဥ္စာတ်၊ ပရမတ်မကျလို့၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ၊ ဝေဒနာကို ဝေဒနာမှန်းမသိလို့ မသိခြင်းကြောင့် သစ္စာလေး ပါး မမြင်ခြင်းကြောင့် ဓမ္မရုပ်ပေါ်မှာ မောဟ ဖုံးလွှမ်းတော့ ဒကာကြီး ဓမ္မရုပ်ပေါ်မှာ ဒေါသစေတနာ၊ လောဘစေတနာ၊ မောဟစေတနာ အစဉ်ဖြစ်မနေဘူးလား။ စိတ်အစဉ်လေးတွေ



အကြောင်းပေါ်မနေဘူးလား။ အကြောင်းသမုဒယသစ္စာ (မှန်ပါ့)ဘယ်သစ္စာတွေလဲ ပုထုဇဉ်ဟာအကြောင်း လောဘ မောဟ စေတနာ အဲဒီစေတနာအကြောင်း သမုဒယ ပစ္စုပ္ပန်မြင်ဆဲ ကြားဆဲ စားဆဲ နံ့ဆဲ ဆဲဆဲ သိဆဲမှာ အကြောင်းစေတနာ သမုဒယသစ္စာဖြစ်တယ် (မှန်ပါ့ဘုရား)။

## အကျိုးဒုက္ခသစ္စာ

အခုပစ္စုပ္ပန်မှာ ပုထုဇဉ်များဟာ လောဘရယ် ဒေါသရယ် မောဟရယ် စေတနာအကြောင်း သမုဒယသစ္စာ၊ အခု ပစ္စုပ္ပန် မှာ အကြောင်းသမုဒယသစ္စာ ဖြစ်နေလို့ရှိရင် သေခါနီးဆဲဆဲ ကျတော့ ဒကာကြီး၊ လောကီ ကုသိုလ်စေတနာ ဝင်နိုင်ပါအုံး မလား။ (မဝင်နိုင်ပါဘုရား) အဲ...ဝိပရိဏာမ သံခါရ ဖြစ်နေ ပြီလေ၊ ဒီစေတနာက အကြောင်းပေါ်နေပြီလေ၊ အကြောင်း ပေါ်နေတော့ အကျိုးတရားရတော့မယ်လေ၊ (ရပါတော့မယ် ဘုရား) သေခါနီးဆဲဆဲကျတော့ ဒီမဂ်ကုသိုလ်စေတနာကလဲ ဒီမှာ ဖြစ်သေးသလား။ (မဖြစ်တော့ပါဘုရား) ဒီလောကီ ကုသိုလ်စေတနာကလဲ လောကီ စေတနာ ဖြစ်သေးသလား။ (မဖြစ်တော့ပါဘုရား) မဂ်ကုသိုလ်စေတနာသဲဖြစ်သေးသလား။ ဘယ်စေတနာတွေ ဖြစ်သလဲတဲ့၊ အပါယ်လေးပါး ကျရောက်မဲ့ အကုသိုလ်စေတနာတွေ ဖြစ်တယ်။ (မှန်ပ) အဲဒီစေတနာပေါ်က လောဘ ဒေါသ မောဟစေတနာ စေတနာအကြောင်း သမု ဒယသစ္စာပေါ်တယ်။

အခုပစ္စုပ္ပန်အကြောင်း သမုဒယ သစ္စာကလောဘ ဒေါသ မောဟ (မှန်ပ) စိတ်တွေ စိတ်အစဉ်လေးတွေ ပြောတာ အဲဒါ ပုထုဇဉ်များဟာ သမုဒယသစ္စာ သေလို့ရှိရင် အကျိုးတရား ခန္ဓာငါးပါး ဒုက္ခသစ္စာ၊ အခုပစ္စုပ္ပန်သမုဒယ သစ္စာကတာလဲ လောဘ ဒေါသ မောဟစိတ်၊ (မှန်ပ) အကြောင်းတရား (မှန်ပ) သေလို့ရှိရင် လောဘအကြောင်းတရား စေတနာ အကြောင်းသမုဒယသစ္စာက အကြောင်းပေါ်နေခြင်းကြောင့် အနာဂါတ်ကျပြီဆိုရင် လောဘရဲ့စေတနာ ချုပ်လိုက်ပြီဆိုရင် အကျိုးတရား ပြိတ္တာခန္ဓာငါးပါး၊ ဒေါသစေတနာနဲ့ ချုပ်လိုက်ပြီဆိုရင် အကျိုးတရား အနာဂါတ်ကျပြီဆိုရင် တိရစ္ဆာန် ခန္ဓာငါးပါး၊ ဒါဝိပရိဏာမသင်္ခါရ၊ အကျိုးတရား သင်္ခါရက္ခန္ဓာ၊ ဘယ်ဟာလဲ သမုဒယသစ္စာ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ နိရောဓ သစ္စာ၊ သေသေချာချာ လူပိန်းလူနု သိအောင်တင်ပြမယ်။ အကုန်လုံးလုပ်တတ်မယ်။ ဒီစိတ်တွေကို မမြင်နိုင်ဘူးလား။(မြင်နိုင်ပါတယ်ဘုရား)

ဒီစိတ်တွေမြင်လို့ရှိရင် လောကကြီး ချမ်းသာပြီ။(မှန်ပါ) ဒီစိတ်တွေမမြင်ရင် ဆင်းရဲမယ် (မှန်ပါဘုရား)

အဲဒါကြောင့်မို့လို့အမေတွေ အဖေတွေကို စိတ်ကလေးတွေ လာမြင်ပေးတာပါ၊ အဲဒီလိုမြင်နိုင်လို့ရှိရင် ကမ္ဘာတွေ ကုန်ဆုံးပါလိမ့်မယ်၊ သတ္တလောက သင်္ခါရလောက ဩကာသလောက ဘုံသုံးပါးကလဲ လွတ်မြောက်ကြပါလိမ့်မယ်။ (လွတ်မြောက်ပါတယ်ဘုရား) ဒီလိုမှ စိတ်ကိုမမြင်ဘဲနဲ့ သတိမရှိကြဘူးဆိုရင် ကမ္ဘာတွေရှုပ်နေလိမ့်အုံးမယ် လည်လို့မဆုံးပါဘူး။



အဲဒီတော့ ပုထုဇဉ်မှာသာ မြင်တိုင်း ကြားတိုင်း စားတိုင်း နံတိုင်း သိတိုင်း စေတနာသုံးခုဖြစ်ခဲ့တယ်။ လောဘ ဒေါသ မောဟ စေတနာသုံးခုဖြစ်ခဲ့တယ်။ဒီစေတနာအကြောင်း ဝိပရိဏာမ သင်္ခါရအစဉ်ဖြစ်နေတယ်။ အနာဂါတ်ကျပြီဆိုရင် အကျိုးတရားသင်္ခါရ၊ ဒုက္ခပြိတ္တာခံရမယ်။ (မှန်ပ)ငရဲခံရမယ်။ (မှန်ပ) တိရစ္ဆာန်ခံရမယ်။ (မှန်ပ) သင်္ခါရ ဒုက္ခအကျိုးတရား ရတော့မယ်။ ပစ္စုပ္ပန်ဘာ အကြောင်းသမုဒယသစ္စာ၊ အနာဂါတ်ခန္ဓာငါးပါး ရုပ်နာမ်တရားပျက်ပြီဆိုရင် အကျိုးတရား ခန္ဓာငါးပါး ဒုက္ခသစ္စာ အဲဒါမြင်တာ အရိယာက၊ သမုဒယ သစ္စာဆိုတာ အကြောင်းဘယ်တိုပေါ်နေတယ်၊ ပစ္စုပ္ပန်မှာ အကြောင်း အနာဂါတ်ကို အကျိုးတရား၊ အခု ပစ္စုပ္ပန် အကြောင်းက သမုဒယ အနာဂါတ်ကို အကျိုးတရားဒုက္ခ၊(ဒုက္ခပါဘုရား) သစ္စာလေးချက်ကို ဒါကြောင့် အရိယာမြင်တာ သစ္စာလေးပါးမြင်တယ်ဆိုတာ အဲဒါ။

ငါ့အတိတ်ကမြင်နေတာ ဒီဟာလား။ ငါ့အကြောင်းပေါ်နေတာ အကြောင်းသမုဒယ၊ သစ္စာကတာလဲ အကြောင်းပေါ်နေတာက လောဘ ဒေါသ မောဟ၊ မျက်စိနဲ့မြင်တိုင်း၊ နားနဲ့ကြားတိုင်း၊ ပါးစပ်နဲ့စားတိုင်း၊ ကိုယ်နဲ့ထိတိုင်း မနောနဲ့ သိတိုင်း အေး…လောဘစေတနာအကြောင်း သမုဒယ၊ ဒေါသ စေတနာအကြောင်းသမုဒယ၊ မောဟ စေတနာအကြောင်း သမုဒယ၊ နားနဲ့ အသံနဲ့ ကြားလိုက်တဲ့အချိန်မှာ၊ အသံဆိုးရုပ်ပေါ် မှာ လောဘရဲ့စေတနာအကြောင်း သမုဒယစေတနာ၊ ဒေါသရဲ့ စေတနာအကြောင်း သမုဒယစေတနာ၊ နားခေါင်းနဲ့အနံ့နဲ့ထိ

မှန်လိုက်တဲ့အချိန်မှာ အနံ့ဓမ္မရှုပ်ပေါ်မှာ လောဘနဲ့ စေတနာ အကြောင်းသမုဒယစေတနာ၊ ဒေါသရဲ့ အကြောင်းသမုဒယ စေတနာ၊ မောဟရဲ့ အကြောင်းသမုဒယစေတနာ၊လျှာနဲ့ရသာနဲ့ စားလိုက်တဲ့အချိန်ခါ ရသာ၏ ဓမ္မရှုပ်ပေါ်မှာ လောဘရဲ့စေတနာအကြောင်းသမုဒယ ဒေါသရဲ့ စေတနာအကြောင်းသမုဒယ မောဟရဲ့ စေတနာအကြောင်းသမုဒယ၊ သမုဒယတွေ ဖြစ်နေတယ်နော်။ အဲဒါ ဘုရားက သမုဒယသစ္စာတဲ့၊

(သမုဒယသစ္စာကို အကျိုးတရား ဒုက္ခ သစ္စာ၊ သမုဒယ အကြောင်းအကျိုး ရုပ်နာမ် ဒုက္ခ) အခုပစ္စုပ္ပန်ကာလ တံခါး ခြောက်ပေါက်၊ အာရုံ(၅) အာရုံ(၆)နဲ့ တိုက်ဒိုက်တိုင်း တိုက်ဒိုက်တိုင်း စေတနာတွေချည်းဖြစ်တယ်။ (မှန်ပါ) စေတနာတွေဟာအကြောင်း(မှန်ပါ) အကြောင်း ဖြစ်လိုက်တော့ သမုဒယသစ္စာတပ်လိုက်တယ်။ အကြောင်းသမုဒယသစ္စာက ဘာလဲတဲ့။ လောဘ,ဒေါသ,မောဟ,စေတနာ။ အဲ့ဒီ စေတနာက ရတော့မယ်။ သစ္စာကပ်လိုက်ပြီ တကာကြီးရဲ့။ အကြောင်းသမုဒယ၊ လောဘရဲ့စေတနာ၊ ဒေါသရဲ့စေတနာ၊ မောဟရဲ့ စေတနာ၊ အကြောင်း သမုဒယသစ္စာ၊(မှန်ပါ) အနာဂါတ်ကာလ ကံကုန်တော့မယ်ဆိုရင် ခန္ဓာငါးပါး လောဘရယ်ပြိတ္တာရယ်၊ ဒေါသငရဲရယ်၊ မောဟ တိရိစ္ဆာန်ရယ်၊ ဒီသုံးဌာန အစဉ်ဖြစ်မနေဘူးလား(ဖြစ်နေပါတယ်ဘုရား)ဝိပရိဏာမသဘောရ၊လောဘ၊ဒေါသ၊ မောဟ၊စေတနာ၊ အကြောင်းသမုဒယဖြစ်တယ်။အနာဂါတ်ကျရင် လောဘလဲခံရမယ်၊ ဒေါသလဲခံရမယ်၊မောဟလဲခံရမယ်။ သင်္ခါရဒုက္ခမခံရဘူးလား (ခံရပါတယ်ဘုရား)အခုပစ္စုပ္ပန်ကာလ



ဝိပရိဏာမသဘောရ၊ အကြောင်းသမုဒယသစ္စာ၊ အနာဂါတ်ကျရင် အကျိုးတရား ဒုက္ခသစ္စာခန္ဓာငါး၊ ပြိတ္တာခန္ဓာငါးပါး၊ ငရဲခန္ဓာငါးပါး၊ တိရိစ္ဆာန်ခန္ဓာငါးပါး၊ အဲအစဉ် ဝိပရိဏာမဒုက္ခ၊ သင်္ခါရဒုက္ခ။

ဦးပဉ္ဇင်း (၄၆)နှစ်လုံးလုံးဖြစ်ခဲ့တဲ့ဥစ္စာ တကာကြီးဘာတဲ့လဲ အကြောင်းသမုဒယသစ္စာ။ ကြားလိုက်တဲ့အချိန်ခါ အကြောင်း သမုဒယသစ္စာ၊ လောဘရဲ့စေတနာ၊ ဒေါသရဲ့စေတနာ၊မောဟရဲ့ စေတနာ၊ စိတ်အစဉ်ဖြစ်နေတာ အကြောင်း သမုဒယလို့ခေါ်တယ်။ ပညတ်တယ်လိုက်ပြီ။ အကြောင်း ပေါ်ကုန်ပြီလေ(ပေါ်ကုန်ပါပြီဘုရား)၊စေတနာဖြစ်ပြီလေ (ဖြစ်ပါပြီဘုရား)စေတနာဆိုရင် ကံရတော့မယ်။(ကံရပါမယ်ဘုရား)ဘယ်ကလဲတဲ့။ လောဘရဲ့စေတနာ၊ စေတနာ ဘယ် အကြောင်းကကို ပေးမလဲတဲ့ (ပြိတ္တာ)၊ ဒေါသရဲ့စေတနာအကြောင်းက ဘာလဲတဲ့၊ (ငရဲ) မောဟရဲ့ စေတနာအကျိုးတရားက (တိရိစ္ဆာန်)၊ ဒါတွေဖြစ်တော့မယ်။ ဒါတွေမသိတော့ မကြောက်ကြဘူး။ ဦးပဉ္ဇင်းတို့လဲ ဟို (၄၆)နှစ်လုံးမသိတော့ မကြောက်ဘူးပေါ့။မသိလို့မကြောက်ခဲ့ဘူး။

## မဂ္ဂသစ္စာ

ဘုရားက ဒါကြောင့် ဟောတာ၊ "သိ၊ ပယ်၊ ဆိုက်၊ ပွား" တို့လေးပါးတဲ့။ သိရင်ပယ်တတ်တယ်။ မသိရင် ဘယ်တော့မှ မပယ်နိုင်ဘူး။ သိရင်ပယ်တာပေါ့၊ မသိရင် ပယ်နိုင်ပါ့မလား

(မပယ်နိုင်ပါဘူးရား) ဒါကြောင့်မို့လို့ သိရင် ပယ်တယ်ဆိုတာ ဘာလဲတဲ့၊ မင်္ဂကဘာကိုပယ်သလဲ၊ သိလို့ပယ်လိုက်တဲ့ မင်္ဂက အဲဒီတော့ အကုသိုလ်ဖြစ်မဲ့စေတနာတွေကိုမင်္ဂကနေပြီး ပယ်ချ လိုက်တယ်နော်။ မင်္ဂဆိုတာ မေ့နေတာမဟုတ်ဘူး၊ သတိလစ် နေတာမဟုတ်ဘူးတကာကြီး။ ကဲ၊ သဲအင်းဂူကိုလာလို့ရှိရင် မေ့ နေလို့ရောက်ပါ့မလား (မရောက်ပါဘူးရား) မေ့နေရင်လေ အိပ် တာဘဲ(အိပ်နေမှာပါဘူးရား) အိပ်တာ မေ့ရင်အိပ်တာနော်၊ မင်္ဂ ဆိုတာ ဘယ်တော့မှမမေ့ဘူး။ မျက်စိနဲ့မြင်တဲ့အခါ လောဘ ရှဲ့စေတနာ၊ ဒေါသရှဲ့စေတနာ၊ မောဟရှဲ့စေတနာ၊ အဲဒီ စေတ နာအကြောင်းသမုဒယကို မဂ္ဂသစ္စာနေပြီး သတ်လိုက်တာနော်။

အရိယာက မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ မဂ္ဂသစ္စာ၊ ပုထု ဇဉ်က သမုဒယသစ္စာနော်၊ အနာဂါတ်ကျတော့ ပုထုဇဉ်က သမု ဒယသစ္စာဖြစ်နေလို့ဆိုရင်၊ လောဘဒေါသမောဟစေတနာ ဖြစ် နေလို့ရှိရင် သခါရဒုက္ခသစ္စာနော်။ အရိယာက ပစ္စုပ္ပန်မြင်လိုက် တဲ့အချိန်ခါ မဂ္ဂသစ္စာ၊ အနာဂါတ် ကျရင် နိရောဓ သစ္စာ၊ အကျိုးတရား (အကျိုးတရားပါဘူးရား) မဂ္ဂသစ္စာ အကြောင်း တရား၊ နိရောဓသစ္စာအကျိုးတရား၊ ပုထုဇဉ်က သမုဒယ သစ္စာ အကြောင်းတရား၊ ဒုက္ခသစ္စာ အကျိုးတရား၊ အဲ အကြောင်း သမုဒယသစ္စာ၊ အကျိုးဒုက္ခသစ္စာ၊ အရိယာသူတော်ကောင်းက ပစ္စုပ္ပန်မြင်လိုက်တယ်။ မဂ္ဂသစ္စာ၊ အနာဂါတ် ထံကုန်လို့ရှိရင် နိရောဓသစ္စာချုပ်ငြိမ်းပြီ၊ ဒီလိုသိရတာ မေ့နေတာမဟုတ်ဘူး။ ချမ်းသာနေတာ သစ္စာလေးချက်ကိုပြောတာ။



## ပစ္စုပ္ပန်ကဖြတ်

တရားတောင်းတဲ့သူကသစ္စာတောင်းကိုတော့ သစ္စာကိုဟော နေတာ၊ ဦးပဉ္စင်းတို့ အတိတ်က ၄ဖြန့်လုံးသုံးက သမုဒယသစ္စာ ဖြစ်ခဲ့တယ် တကာကြီးရဲ့။ အဲဒီတုန်းကသာသေလို့ရှိရင် အကျိုး တရားခန္ဓာငါးပါး၊ ဒုက္ခသစ္စာ၊ အပါယ်လေးပါး ခံရတော့မယ်၊ ဝဋ်ရှိအာမအကြောင်း သခါရစိတ်အစဉ်လေး ဖြစ်နေခဲ့တယ်။ အကျိုးတရားခန္ဓာငါးပါး၊ အနာဂါတ်ကျ ကုန်လို့ရှိရင် အကျိုး တရား ဒုက္ခသစ္စာ၊ ပြိတ္တာခံရမယ်၊ ငရဲခံရမယ်၊ တိရစ္ဆာန်လဲဖြစ်ရ မယ်၊ အကျိုးတရား သခါရဒုက္ခနော်၊ အဲဒီ တော့ အခု ပစ္စုပ္ပန် သမုဒယလို့ ခေါ်တယ်၊ ခန္ဓာငါးပါး ပျက်တော့မယ်၊ ထံကုန် တော့မယ်ဆိုရင် အကျိုးတရား ဒုက္ခသစ္စာကြီးရတော့မယ်။


ဒါတွေ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် ကာလသုံးပါး မြင် တယ်ဆိုတာ အရိယာမြင်တာ၊ ပစ္စုပ္ပန်ကချည်း က ဖြတ်တယ်။ ပစ္စုပ္ပန်ကချည်း အကြောင်း ပေါ်တယ်။ ပစ္စုပ္ပန်ကချည်း က ဖြတ်တာ၊ ပစ္စုပ္ပန်ကာလမှာဘဲစေတနာဖြစ်တာ။ ဘယ်စေတနာ ဖြစ်သလဲဆိုတာ အကြောင်းပြန်ရှာ) အဲဒီတော့ ဦးပဉ္စင်း ၄ဖြ န့်လုံးလုံး မျက်စိကမြင်တဲ့အခါ၊ နားနဲ့အသံနဲ့ကြားလိုက်တဲ့အ ခါ လျှာနဲ့ရသာနဲ့စားလိုက်တဲ့အခါ၊ ကိုယ်နဲ့အတွေ့နဲ့ ထိမှန် လိုက်တဲ့အခါ၊ မနောနဲ့ဓမ္မနဲ့ သိလိုက်တဲ့အခါ လောဘ ဒေါသ မောဟ စေတနာ ဒီစေတနာတွေချည်းဖြစ်နေတာဘဲ (ဖြစ်နေပါ ဘူးရား) ဒီစေတနာ ဖြစ်တော့ ပုထုဇဉ်များဟာ အခု ပစ္စုပ္ပန် ကာလမှာ သမုဒယသစ္စာ ပေါ်တယ်။ ဖြစ်နေပြီ၊ အကြောင်း

သမုဒယသစ္စာ၊ သစ္စာတွေ၊ အကြောင်းတွေပေါ်ကုန်ပြီ၊ အကြောင်းပေါ်သွားလို့ သမုဒယသစ္စာ၊ အကြောင်းပေါ်သွားလို့ စေတနာဖြစ်နေပြီ၊ အကျိုးကံတွေရတော့မယ်။ ဘာလိုလဲတဲ့ ပြိတ္တာဘုံရယ် ငရဲဘုံရယ် တိရစ္ဆာန်ဘုံရယ်၊ ဒုက္ခသစ္စာ၊ ပုထုဇဉ်များဟာ ပုံစံခွင်အကျိုးသမုဒယသစ္စာ၊ ကံကုန်ရင် အကျိုးတရားသစ်ရဒုက္ခ၊ အကျိုးတရားသစ္စာ၊ သင်္ခါရဒုက္ခသစ္စာ၊ အဲဒါကြောင့်မို့လို့ ဦးပဉ္ဇင်း (၄၆)နှစ်လုံးလုံးက သေလို့ရှိရင် လူသေလို့ လူမဖြစ်ဘူး။

## လူကိုယ်နဲ့ တိရစ္ဆာန်စိတ်

နက်ကို ခုမှဆရာတော် ပြောသွားတယ်မဟုတ်လား။ လူကို မြင်တာလဲ တကာကြီး၊ (လူပါဘုရား) စိတ်ကရော (တိရစ္ဆာန်ပါဘုရား) တိရစ္ဆာန်စိတ်နဲ့ ငရဲစိတ်နဲ့၊ ပြိတ္တာစိတ်၊ ဦးပဉ္ဇင်းနေ့ မြင်လိုက်တဲ့အချိန်ခါမှာ သူများက မြင်လို့ရှိရင်၊ အတိတ်ကလှုန်မည် အောင်ထွန်းတဲ့၊ သူများကတော့ အောင်ထွန်းလို့ ထင်တယ်။ ဦးပဉ္ဇင်းရဲ့စိတ်ကတော့ လောဘစေတနာ ဒေါသစေတနာ မောဟစေတနာ အကြောင်းသမုဒယသစ္စာ၊ စေတနာလို့တပ်ထားတယ်။ စေတနာလို့တပ်ထားတော့ ဦးပဉ္ဇင်းက လောဘသင်္ခါဖြစ်နေပြီဆိုလို့ရှိရင် ပြိတ္တာစိတ်၊ စိတ်ကပြိတ္တာ (ပြိတ္တာပါဘုရား) ဒေါသဖြစ်နေလို့ရှိရင် ငရဲစိတ် (မှန်ပါ) မောဟဖုံးလွှမ်းနေရင် တိရစ္ဆာန်စိတ် (မှန်ပါ) ခုမှဆရာတော် ပြောသွားတယ်မဟုတ်လား။ လူတွေကမြင်တာကတော့ တကာကြီးရဲ့

တိမ်တခဲနက် ကြည်ရှင်းပျက်သည့်မှာ



ထွက်သက် ဝင်လေ ချုပ်ခါနီး အချိန်တွင် မိမိ စိတ်ကြိုက် ဉာဏ်ယှဉ်ဖြင့် မနေနိုင်တော့ပါပြီ၊ ထွက်လေ ဝင်လေကိုမျှကား မှန်မှန် ရှုနေပါသည်။ ရုပ်နာမ်ခွဲ ပါးစပ်ကို အသုံးပြုပါသည်။ (တရားဆိုင်ရင် ဉာဏ်ယှဉ်ပုံ မပြင်ကြနဲ့ ဆဲဆင်းရှု ဩဝါဒ)

ဦးအောင်ထွန်းရယ်လို့မြင်တယ်။ အဲ...အတိတ်က ၄၆ နှစ်လုံးလုံး စိတ်ကတော့ တဏှာကြီး၊ တိရစ္ဆာန်စိတ် ပြိတ္တာစိတ် ငရဲစိတ် (မှန်ပ)မြင်တော့ လူကိုမြင်တယ်။စိတ်က တဏှာကြီး ရဲ့ ပြိတ္တာ တိရစ္ဆာန်၊ အဲဒီစိတ်တွေ တဏှာကြီးရဲ့၊ အဲဒီစိတ်တွေ စိတ်တွေ ဘာလဲတဲ့ အကြောင်းသမုဒယသစ္စာ၊ အကြောင်းသမုဒယသစ္စာ ကို အနာဂါတ်ကာလ အကျိုးတရား ဒုက္ခသစ္စာ၊ (မှန်ပ) ဒါကြောင့် ပုထုဇဉ်များမြင်တိုင်း ကြားတိုင်း နံတိုင်း ထိတိုင်း သိတိုင်း အကြောင်းသမုဒယသစ္စာဖြစ်ပါတယ်။ အကျိုးတရား အနာဂါတ်ကကျန်တဲ့အခါ ဒုက္ခသစ္စာဖြစ်ပါလိမ့်မယ်။

## ကိုယ်စိတ်ကိုယ်အကဲခတ်

ဒါကြောင့် အတိတ် အနာဂါတ် ပစ္စုပ္ပန် [illegible] အသိရှိတဲ့ပုဂ္ဂိုလ်က မြင်ပါတယ်။ ကျင့်တဲ့လူမြင် [illegible] မကျင့်ဘဲနဲ့ မြင်မှာမဟုတ်ဘူး။ ကျင့်မှမြင်မဲ့တရား၊ သစ္စာလေးပါး မြင်တယ်ဆိုတာ ဘယ်လိုမြင်သလဲ ပစ္စုပ္ပန်ကို ပြောမယ်။ ပစ္စုပ္ပန် ဘယ်လိုမြင်သလဲ အကြောင်းဘယ်လိုလဲ၊ သမုဒယသစ္စာဆိုတာ ဘယ်ဟာလဲ၊ ဘုရားက ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာ နိရောဓသစ္စာ၊ သစ္စာလေးချက် ဟောတယ်မဟုတ်လား။ပစ္စုပ္ပန် ကချည်း စေတနာကဖြစ်တယ်။အနာဂါတ်ကပစ္စုပ္ပန်အကြောင်း သမုဒယစေတနာ ကံစေတနာဖြစ်တယ် အနာဂါတ်အကျိုး တရား ခန္ဓာငါးပါး ဒုက္ခသစ္စာ၊ အဲဒါကြောင့်မို့လို့ ဦးပဥ္စင်း ၄၆ နှစ်လုံးလုံးမြင်တိုင်း၊ စားတိုင်း ဒီတိုင်း နံတိုင်းအကျိုးတရား

အနာဂါတ်သေလို့ရှိရင် ငြိတွယ်ရာဘုံမှာ ဖြစ်မယ်ဆိုတာ ဘယ်သူမှ မသိဘူး။ ဒုက္ခသစ္စာနော်၊ အခုလာနေတဲ့ တကာ တကာမတွေ လဲ အဲဒီ အသိမရှိလို့ရှိရင် ကိုယ့်စိတ်ကလေးကိုယ် အကဲခတ်ပါ၊ သတိနဲ့နေကြပါ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ အသိလေးနဲ့နေကြပါလို့ အသိမရှိလို့ရှိရင် သူက ဝင်နေကျလား၊ သူက ဝင်နေကျလမ်း၊ လောဘစေတနာ ဒေါသစေတနာ မောဟစေတနာ၊ ဒီစေတနာတွေချည်း ဖြစ်နေတယ်။ အဲဒီစေတနာတွေမဖြစ်အောင် ဝင်ပြီးတော့ပျက်အောင် မဂ်က တကြိမ်ထဲဝင်ပြီးတော့ နေရာယူတာ တကြိမ်ထဲဝင်ပြီးတော့ နေရာယူတော့ စေတနာတွေ ပျက်ကုန်ရော (ပျက်ကုန်ပါပြီဘုရား)။

အဲဒီတော့ စေတနာတွေ ပျက်တာကအရိယာ၊ လောဘစေတနာ ၊ ဒေါသစေတနာ မောဟစေတနာဖြစ်တာက ပုထုဇဉ် ပုထုဇဉ်က သမုဒယသစ္စာ အရိယာကမဂ္ဂသစ္စာ၊ ပုထုဇဉ် သမုဒယ သစ္စာက စေတနာအကြောင်းပေါ်နေလို့ သမုဒယသစ္စာ၊ အနာဂါတ်ဒုက္ခသစ္စာ အရိယာက ပစ္စုပ္ပန်မဂ္ဂသစ္စာ၊ အနာဂါတ်ကျတော့ ခန္ဓာငါးပါး ကုန်တဲ့အချိန်ကျတော့ နိရောဓသစ္စာ အကျိုးတရား၊ ပစ္စုပ္ပန်အကြောင်းသမုဒယ အကျိုးတရားဒုက္ခ၊ အရိယာက မဂ်အကြောင်း အနာဂါတ်ကျတော့ ချမ်းသာသုခဆိုတာ အကျိုးတရား နိရောဓ၊

## ပဋိစ္စသမုပ္ပါဒ်လည်နေတယ်

အဲဒီတော့အတိတ်ကမြင်တဲ့အမြင် အသိကဘယ်လိုမြင်သိလာတာလဲတဲ့၊ မိန်းမမြင် မိန်းမသိ၊ ယောကျ်ားမြင် ယောကျ်ားသိ၊ ခွေးမြင် ခွေးသိ၊ ဝက်မြင် ဝက်သိ၊ နွားမြင် နွားသိ၊ ရေမြင်



ရေသိ၊ တောမြင် တောသိ၊ တောင်မြင် တောင်သိ၊ အဲဒီလို အမြင်မှား၊ အယူမှား အသိမှားသွားပြီ (မှန်ပါ) မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိမဟုတ်ဘူး၊ မိစ္ဆာဒိဋ္ဌိကြောင့်မို့လို့ လောဘရယ် ဒေါသရယ် မောဟရယ်၊ အကြောင်းတရားတွေပေါ်ကုန်တာ၊ အကြောင်းသမုဒယသစ္စာဖြစ်တာ၊ အကြောင်း သမုဒယသစ္စာ ဖြစ်တော့ အနာဂါတ်ရဲ့ အကျိုးတရား ခန္ဓာငါးပါး ဒုက္ခသစ္စာ ဒါကြောင့်မို့ ပစ္စုပ္ပန်မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း၊ သိတိုင်း၊ ထိတိုင်း၊ ပုထုဇဉ်အမြင်က သမုဒယသစ္စာ၊ လောဘရယ် ဒေါသရယ် မောဟရယ်၊ အဲဒါဘာလဲ စေတနာသမုဒယသစ္စာကြောင့် အဲဒီပစ္စုပ္ပန်ကာလအကြောင်း သမုဒယသစ္စာ ဆိုရင် အကျိုးတရား ဒုက္ခသစ္စာ၊ အဲဒါ အတိတ်ကာ သတ္တန်းကများ ဦးပဉ္စင်းသေလို့ရှိရင် ဒုက္ခအဲ ကမ္ဘာကြီးဆုံးမှာ မဟုတ်တော့ဘူး။ အဲဒါ သမုဒယသစ္စာဖြစ်နေလို့၊ စေတနာ့ကံ ဖြစ်နေတယ်၊ ပဋိစ္စသမုပ္ပါဒ်လည်နေတယ်။ အခု ပစ္စုပ္ပန်မှာလဲ လည်နေတာဘဲ၊

မျက်စိက လောဘဖြစ်လိုက် ဒေါသဖြစ်လိုက် မောဟဖြစ်လိုက်၊ လည်မနေဘူးလား။ စိတ်အစဉ်လေးတွေ ဖြစ်နေတယ်။ အဲဒါ ပဋိစ္စသမုပ္ပါဒ်ခေါ်တယ်။ ပညတ်လို့ ပဋိစ္စသမုပ္ပါဒ်၊ စိတ်အစဉ်လေးတွေဖြစ်နေတယ်။ လောဘစေတနာ ဒေါသစေတနာ မောဟ စေတနာ ဒီစေတနာတွေဖြစ်တာ အဲ… သမုဒယ စေတနာဖြစ်နေရင် ကမ္ဘာ ကင်းရှောက်ပြီး လည်နေမယ်၊ အကျိုးတရားဒုက္ခ သစ္စာကြီးရတော့မယ်။

## အကြောင်း သတ်ပုံသတ်နည်း

အဲဒါကြောင့် အရိယာများက ဘာကိုသတ်ပစ်သလဲတဲ့ ပစ္စုပ္ပန်အကြောင်း သမုဒယဆိုတဲ့ သစ္စာကိုမဖြစ်အောင် လောဘ စေတနာ ဒေါသစေတနာ မောဟစေတနာ အဲဒီစေတနာတွေ ကိုသတ်ပစ်လိုက်တယ်။ စေတနာသတ်ပစ်လိုက်တော့ ဘယ်ကို သတ်ပစ်လိုက်သလဲ၊ သတိသမ္ဗောဇ္ဈင်၊ မေ့သမ္ဗောဇ္ဈင်၊ (မှန်ပါ ဘုရား) သတိသမ္ဗောဇ္ဈင် အရိယာများဟာ မြင်တိုင်း စားတိုင်း နံတိုင်း သိတိုင်း ထိတိုင်း ကြားတိုင်း တံခါးခြောက်ပေါက် အာ (၅) အာရုံ(၆)နဲ့ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း သတိနဲ့ နေတာပေါ့ (မှန်ပါ)။

ဘယ်လိုသတိနဲ့ နေသလဲတဲ့ သတိသမ္ဗောဇ္ဈင်ကို၊ မြင်လိုက်တဲ့အချိန်မှာ လက္ခဏာရုပ် လက္ခဏာနာမ်၊ ဘုရားက ပေါ်အောင်ကြည့်ရမယ်တဲ့၊ မြင်လိုက်တဲ့အချိန်မှာ ရူပက္ခန္ဓာ၊ မြင်လိုက်တာ ရူပက္ခန္ဓာ ကြားလိုက်တာ ဝေဒနက္ခန္ဓာ။ နံလိုက်တာ ဝေဒနက္ခန္ဓာ၊ ခါးတာဝေဒနက္ခန္ဓာ၊သိတာ ဝေဒနက္ခန္ဓာ၊ထိတာ ဝေဒနက္ခန္ဓာ၊ မြင်တာ ရူပက္ခန္ဓာ၊ ဘာကြောင့်မြင်တာ အဆင်း ရုပ်ကြီးကိုမြင်နေတာ မဟုတ်လား။ အသုဘ လက္ခဏာရုပ်ကြီး မဟုတ်လား။ (မှန်ပါ) အဲဒါ အသုဘ လက္ခဏာရုပ်ကြီးနော်၊ ဒါကြီးဟာ မတင့်တယ် မရွှယ်ရာဘူး မိန်းမလဲ မဟုတ်ဘူး ယောကျ်ားလဲမဟုတ်ဘူး အရိုးစုကြီး မတင့်တယ် မရွှယ်ရာတဲ့ တရားကြီး၊ အဲဒါကို ယောကျ်ားကောင်း မိန်းမကောင်းချောတယ် လှတယ် ထင်နေတာ (မှန်ပါ) တကယ်ရှိတာ ပုတ်သိုးပြီး



တော့ အနှစ်သာရမရှိတဲ့ အရိုးစုကြီး၊ အရိုးပေါ် အသားဖုံး၊ အသားပေါ် အရည်ဖုံး၊ အကြောင်းပေါ်နော်၊ အဲဒါကြီးကို မြင်အောင် ပေါ်အောင် လက္ခဏာမကြည့်ဘူး။ လက္ခဏာပေါ်အောင်မကြည့်တော့ မိန်းမရယ် ယောကျ်ားရယ် ပညတ်ရုပ် ပညတ်နာမ် ဖြစ်သွားတယ်။ မရှိတဲ့ ဥပါဒါန်နာမ်ရုပ်တွေ ဖြစ်ကုန်တယ်။ မြင်လိုက်တာနဲ့ မိန်းမရုပ် မိန်းမနာမ်သိသွားပြီ၊ တခါတည်းကို စိတ်အစဉ်တွေ မြင်ကုန်ပြီ၊

တကယ်ရှိတာက မြင်လိုက်တဲ့အချိန်အခါမှာယောကျ်ားရယ် မိန်းမရယ် မရှိဘူး။လက္ခဏာရုပ် လက္ခဏာနာမ်သာရှိတယ်။ ဘာလဲမြင်လိုက်တာ ရူပက္ခန္ဓာ အသုဘလက္ခဏာ၊ ကြားလိုက်တဲ့ဥစ္စာ ကိုင်လို့မရ တွယ်လို့မရ ခံစားလိုက်တာ ဝေဒနက္ခန္ဓာ၊ အသံနဲ့ နားနဲ့ ထိမှန်လိုက်တဲ့ အချိန်အခါ ဝေဒနက္ခန္ဓာ၊ အသံကိုကိုင်လို့ရသလား။ (မရပါဘုရား) ကြားလိုက်တဲ့ အကြည်ကလေး ကိုကော ကိုင်လို့ရသလား။ (မရပါဘုရား) သိလိုက်တဲ့ စိတ်ကလေးကို ဘယ်နှယ့် ကိုင်လို့ရသလား။ (မရပါဘုရား) အဲဒီတော့ အသံ၏ ရုပ်ဝေဒနာ ခံစားလိုက်တဲ့ ဥစ္စာဘာလဲ ဝေဒနက္ခန္ဓာ၊နံလိုက်တာလဲဝေဒနက္ခန္ဓာ၊စားလိုက်တာလဲဝေဒနက္ခန္ဓာ ထိလိုက်တာလဲ ဝေဒနက္ခန္ဓာ၊ သိလိုက်တာလဲ ဝေဒနက္ခန္ဓာ၊ မြင်လိုက်တာလဲ ရူပက္ခန္ဓာ၊ အဲဒီဝေဒနက္ခန္ဓာရယ်၊ ရူပက္ခန္ဓာရယ် နာမ်, ရုပ် ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား) မြင်တာ ရူပက္ခန္ဓာတရား၊ ခံစားတဲ့သဘောက ဝေဒနက္ခန္ဓာ နာမ်တရား။ အဲဒီလို မြင်တိုင်း၊ စားတိုင်း၊ ကြားတိုင်း၊ သိတိုင်း၊ ထိတိုင်း မြင်လိုက်တာ ရူပက္ခန္ဓာပါလား၊ ခံစားလိုက်တာ ဝေဒနက္ခန္ဓာပါ

လား၊ နားနဲ့အသံနဲ့ကြားလိုက်တဲ့အခါ ဝေဒနက္ခန္ဓာ၊ နာမ်မြင်တယ်၊ ကြားလိုက်တဲ့အသံပေါ်ကလဲ နာမ်မြင်တယ်၊ နံလိုက်တဲ့အခါမှာလဲ ဝေဒနက္ခန္ဓာ ပေါ်မှာ နာမ်မြင်တယ်၊ ထိလိုက်တဲ့အပေါ်မှာ ဝေဒနက္ခန္ဓာပေါ်မှာ နာမ်မြင်တယ်၊ မြင်လိုက်တာရုပက္ခန္ဓာ အရိုးစုကြီးမြင်တယ်၊ မတင့်တယ်မပွယ်ရာတဲ့ အသုဘ၊ မိန်းမကောင်း ယောကျ်ားကောင်းမဟုတ်ဘူး၊ အရိုးစုကြီး၊ အင့်စုကြီးဘဲ၊ အပုတ်ကြီး အသိုးကြီး အပျက်ကြီး၊ အဲဒီ အပေါ်မှာ ဝေဒနာသာခ်ါရ ဝိညာဉ်၊ နာမ်ခန္ဓာငါးပါးရှိသေးတာ ကံမကုန်သေးလို့သာ ကံကုန်ရင် အင့်စုကြီး ပုပ်မယ်လောက်စားမယ်၊ ရုပက္ခန္ဓာ၊ ဒီလိုမြင်လိုက်တယ်။ အဲဒီလိုမြင်လိုက်တော့ အမှန်ရမသွားဘူးလား။ မိန်းမ မြင်သေး သလား (မမြင်ပါ ဘုရား) ယောကျ်ားမြင်သေးသလား (မမြင်ပါဘုရား)မြင်တာရုပက္ခန္ဓာ၊ ဘယ်ဟာရုပက္ခန္ဓာပညတ်ကိုပြောသလဲ၊ ရုပက္ခန္ဓာဆိုတာ ပညတ်ကိုပြောတာ၊ သဘောပေါက်အောင်လို့၊ အဲ မြင်နေတဲ့ အရိယာ မြင်တာက အရိုးစုကြီး၊ မပွယ်ရာ၊ မတင့်တယ်ဘူး။ ဒါကြီးကို မြင်နေတယ်။

## သမ္မာဒိဋ္ဌိ

အဲဒီလိုမြင်တော့ တကောကြီး လောဘရဲ့စေတနာ ရှိသေးသလား(မရှိတော့ပါဘုရား)ရုပက္ခန္ဓာပေါ်မှာ လောဘရဲ့ စေတနာရှိသေးသလား(မရှိတော့ပါဘုရား)နားနဲ့အသံနဲ့ကြားလိုက်တော့ခံစားမှုတရားဝေဒနာဘဲသိလိုက်တော့ အဲဒီဝေဒနာပေါ်ကိုဒီမှာ



တဏှာကူးသေးသလား(မကူးပါဘုရား)၊ အသံပေါ်ကို လောဘစေတနာ၊ ဒေါသစေတနာ၊ မောဟစေတနာ ရှိသေးသလား။ (မရှိတော့ပါဘုရား) ရုပက္ခန္ဓာပေါ်မှာ လောဘစေတနာ၊ဒေါသစေတနာ၊မောဟစေတနာရှိသေးလလား(မရှိပါဘုရား)စေတနာတွေနေဒ်၊ မြင်လိုက်တဲ့အချိန်အခါ ရုပက္ခန္ဓာ အရိုးစုကြီးကိုမြင်တယ်၊ မပွယ်ရာ မတင့်တာကြီးကိုမြင်တယ်၊ စိတ်က ပိတ်ကာ၊ ကြားလိုက်တဲ့အချိန်ခါ ဝေဒနက္ခန္ဓာဝေဒနာကိုမြင်တယ်။နံလိုက်တာကို ဝေဒနာလို့မြင်တယ်၊ စားလိုက်တဲ့အခါ ချိုတယ်၊ချဉ်တယ်၊ ငံတယ်ဆိုတာ ရှာလို့ ရသလား (မရပါဘုရား) လျှာ၊ ရသာရဲ့အကြည်ကိုကော ရှာလို့ရသလား(မရပါဘုရား)သိတာကလေးကာလဲ ချိုတယ်လို့ ခံစားလို့ရသလား (မရပါဘုရား) ခံစားလို့ ရသလား သုံးဦးသုံးဖလယ်ဖြစ်ပြီး ဝေဒနာ၊ ဝေဒနာ၊ ဝေဒနာဖြစ်နေတယ်၊ထိလိုက်တဲ့ဥစ္စာလဲ တင်းတယ်၊ တောင့်တယ်ရှာလို့ရသလား (မရပါဘုရား)ပူတယ်ဆိုတာ ပြလို့ရသလား၊ (မရပါဘုရား)ပူတာလေး သိတာလေး ပြလို့ရသလား (မရပါဘုရား)ကိုယ်အကြည် ကလေးကကော ပြလို့ရသလား (မရပါဘုရား) ကိုင်လို့မရ၊ ပစ္စုပ္ပန်ခံစားမှုဝေဒနာဘဲရှိတယ်၊ ဝေဒနာဘဲမဟုတ်လား၊ (ဝေဒနာပါဘုရား) ဝေဒနာဖြစ်တော့ အဲဒီအပေါ်မှာ နာတယ်၊ ကျင်တယ်၊ ထုံတယ်၊ကိုက်တယ်၊ ဒေါသဖြစ်စရာရှိသေးသလား၊ (မရှိတော့ပါဘုရား)ဒေါသမဖြစ်တော့ဘူး (မရှိပါဘုရား) လောဘ မဖြစ်တော့ဘူး၊ (မရှိပါဘုရား) မရှိတော့ဘူးနေဒ်။ အဲဒီတော့ ကိုယ်နဲ့အတွေ့နဲ့ ထိမှန်လိုက်တဲ့အခါ ဝေဒနက္ခန္ဓာ ဝေဒနာဘဲ၊ ခံစားမှုသဘော ဝေဒနာဘဲ

သိလိုက်တော့ အတွေ့ဓါတ်ရုပ်ပေါ်မှာ ဒေါသရှိတဲ့စေတနာ၊ မောဟရဲ့စေတနာ၊ လောဘရှိတဲ့စေတနာ စေတနာသုံးခု ချုပ်မနေဘူးလား၊ (ချုပ်နေပါ့ဘုရား) ဘာစေတနာ ဖြစ်သလဲ ဆိုတော့ ဝေဒနက္ခန္ဓာ၊ ဝေဒနာက သမ္မာဒိဋ္ဌိ၊ အမှန်မြင်နေတော့သမ္မာဒိဋ္ဌိ။

ဝေဒနက္ခန္ဓာအပေါ်မှာ ဝေဒနာ ဖြစ်မနေဘူးလား(ဖြစ်နေပါတယ်ဘုရား) ဒေါသစေတနာဖြစ်နေသေးသလား (မဖြစ်ပါဘုရား) လောဘ၊ ဒေါသ၊ မောဟစေတနာတွေချုပ်မကုန်ဘူးလား (ချုပ်ကုန်ပါပြီဘုရား) မနောနဲ့ဓမ္မနဲ့ပေါင်းဆုံလိုက်တယ်။ အောင် ရုပ်ဓမ္မကလဲ ကိုင်လို့မရ တွယ်လို့မရဘူး။ မနောအကြည်ကလဲ ကိုင်လို့ရသလား(မရပါဘုရား) ရုပ်ကို ရုပ်ချင်းတိုက်ခိုက်မှုသောဖြစ်ပြီး ဒီရုပ်နာမ်ခံစားလိုက်တယ်။ခံစားလိုသော ဝေဒနာဘဲရှိတယ်။ ဝေဒနာဘဲ ရှိပြီးတော့ ဝေဒနာ ဓမ္မရုပ် ပေါ်မှာ လောဘစေတနာ၊ ဒေါသစေတနာ၊ မောဟစေတနာ၊ ဒီစေတနာ သုံးခုဖြစ်သေးသလား (မဖြစ်တော့ပါဘုရား) ဝိပရိဏာမသခါရ ဖြစ်သေးသလား (မဖြစ်တော့ပါဘုရား)

## ကမ္ဘာကြီး တိုသွားလိမ့်မယ်

မျက်စိကမြင်လိုက်တဲ့အချိန်မှာ ရူပက္ခန္ဓာကိုသတ်ပစ်လိုက်ဘိ၊ အရိုးစုကြီးပါလား၊ အပုပ်ကြီးပါလား၊ မတင့်တယ် မဖွယ်ရာတဲ့တရားကြီးပါလား။ ခန္ဓာငါးပါး၊ ဒီအပေါ်မှာဦးစီးနေတာက ဝေဒနာသခ်ါရ၊ ဝိညာဉ်၊ နာမ်၊ ခန္ဓာလေးပါးမရှိတော့ဘူးဆို



ရင် အရိုးစုကြီး ပုပ်မဲ့တရား၊ အနှစ်သာရမရှိတဲ့တရား၊ အနှစ်မရှိတဲ့တရား၊ ပုပ်တဲ့တရား၊ ပွတဲ့တရားလို့ စိတ်ကထင်သွားဘိ။ အဲဒီလို ထင်သွားပြီဆိုရင် မိန်းမ မြင်သေးသလား (မမြင်တော့ပါဘုရား) ယောကျ်ား မြင်သေးသလား (မမြင်တော့ပါဘုရား) ရေကိုမြင်သေးသလား။ တောကို မြင်သေးသလား။ တောင်ကို မြင်သေးသလား၊ မြင်မြင်သမျှ အသုဘတရား၊ မတင့်တယ်မဖွယ်ရာတဲ့ အသုဘတရား။

အသံနဲ့ နားနဲ့ထိမှန်လိုက်တဲ့အခါ ဝေဒနာ ဝေဒနက္ခန္ဓာ ဝေဒနာဟာ ဝေဒနက္ခန္ဓာ နာမ်၊ နှာခေါင်းနဲ့ကြန့်နဲ့ ထိမှန်လိုက်တဲ့အချိန်ခါ၊အနံ့ဓါတ်ရုပ်ပေါ်မှာ ခံစားလိုသော ဝေဒနာ၊ လျှာနဲ့ရသာနဲ့ စားလိုက်တဲ့အချိန်ခါ ခံစားလိုသောဝေဒနာ၊ ကိုယ်နဲ့အတွေ့နဲ့ ထိမှန်လိုက်တဲ့အချိန်ခါ ခံစားလိုသောဝေဒနာ၊ မနောနဲ့ဓမ္မနဲ့ ပေါင်းဆုံလိုက်တဲ့အချိန်ခါ ခံစားလိုသောဝေဒနာ၊ မြင်တာက ရူပက္ခန္ဓာ အသုဘတရား ကြားလိုက်တဲ့ အသံမှာ ဝေဒနက္ခန္ဓာတရား နံတာ ဝေဒနက္ခန္ဓာ၊ ကြားတာ ဝေဒနက္ခန္ဓာ၊ သိတာ ဝေဒနာခန္ဓာ၊ မြင်တာ ရူပက္ခန္ဓာ၊ နာမ်နဲ့ ရုပ်နဲ့ မဟုတ်လား။ မြင်တာက ရူပက္ခန္ဓာ၊ ခံစားတာက ဝေဒနာ နာမ်တရား၊ နာမ်နဲ့ရုပ်နဲ့ ပိုင်းခြားပြီး သိမနေဘူးလား။ (သိပါပြီဘုရား) အဲဒီလိုသိရင် ကမ္ဘာကြီးတိုသွားလိမ့်မယ်။

မိန်းမမြင် မိန်းမသိ ယောကျ်ားမြင် ယောကျ်ားသိ၊ ခွေးမြင် ခွေးသိ၊ ဝက်မြင် ဝက်သိ၊ နွားမြင် နွားသိ၊ ကြက်မြင် ကြက်သိ၊ ရေမြင် ရေသိ တောမြင် တောသိ တောင်မြင် တောင်သိ

ဒီလို မြင်နေလို့ရှိရင် သမုဒယသစ္စာ အကြောင်းပေါ်နေပြီ၊ အကျိုးတရား သင်္ခါရဒုက္ခရလိမ့်မယ်။

အခုမြင်လိုက်တဲ့အချိန်အခါမှာ ဘာလဲ သမ္မာဒိဋ္ဌိ၊ မြင်တာ ရူပက္ခန္ဓာ အသုဘလက္ခဏာ ရုပ်ပေါ်နေပြီ၊ (ပေါ်နေပါပြီ ဘုရား) နားနဲ့အသံနဲ့ ကြားလိုက်အခါ ဝေဒနက္ခန္ဓာ၊ နာမ် လက္ခဏာပေါ်နေပြီ။ (ပေါ်နေပါပြီဘုရား) ကြားလိုက်တာ နော်၊ နံလိုက်တဲ့အခါ အနံ့ဟာလဲ ခံစားမှုသဘော နာမ် လက္ခဏာ၊ စားလိုက်တဲ့ရသာပေါ်မှာလဲ နာမ်လက္ခဏာ၊ထိလိုက် တဲ့ ဓမ္မအပေါ်မှာလဲ နာမ်လက္ခဏာ၊ သိလိုက်တဲ့ အာပေါ်မှာလဲ နာမ်လက္ခဏာ၊ မြင်လိုက်တာက ရုပ်လက္ခဏာ၊ ခံစားတာက နာမ်နဲ့ ၊နားရယ် နှာခေါင်းရယ် ပါးစပ်ရယ် ကိုယ်ရယ် မနော ရယ် ငါးပေါက်နာမ်လက္ခဏာ၊ မြင်တာက ရူပက္ခန္ဓာ နာမ်နဲ့ ရုပ်နဲ့ ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား) အဲဒီနာမ်နဲ့ ရုပ်နဲ့ သမ္မာဒိဋ္ဌိတို့ အမှန်မြင်ရင် သမ္မာဒိဋ္ဌိ၊ အမှားမြင်ရင် မိစ္ဆာ ဒိဋ္ဌိ

## ပုထုဇဉ်အမြင်နဲ့ အရိယာအမြင်

သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိ အမြင်အသိချင်း ပုထုဇဉ်အမြင်နဲ့ အရိယာအမြင် တူသေးသလား။ (မတူပါဘုရား) ပုထုဇဉ်အမြင် က ဘာအမြင်လဲ မိန်းမမြင် ယောကျ်ားမြင် ရွှေမြင် ဝက်မြင် နွားမြင် ကြက်မြင် ရေမြင် တောမြင် တောင်မြင်၊ အသုဘကြီး အပုပ်ကြီး အရိုးစုကြီး အသိုးကြီးအိုပြီး အဲဒီလိုမြင်တယ်။သိတာ



လဲ အင်္ဂုဏ်ကြီးဘဲသိတယ်၊ အပုပ်ကြီးသိတယ်၊ မတင့်တယ် မဖွယ်ရာ မိန်းမမဟုတ်ဘူး ယောကျ်ားမဟုတ်ဘူးလို့ အဲဒီလို သိတာ ပုထုဇဉ်က မိန်းမမြင် ယောကျ်ားမြင်နေတယ်။ ချောတယ် လှတယ်၊ ဖြူတယ်၊ ဖွေးတယ်၊ မြင့်တယ်၊ အမြင်ချင်းတူရဲ့လား၊ (မတူပါဘုရား၊ မတူတော့ဘူး အဲဒီတော့ ပုထုဇဉ်အမြင်က တမျိုး၊ ပုထုဇဉ်သိတာက တမျိုး၊ အရိယာမြင်တာက တမျိုး၊ အရိယာသိတာက တမျိုး၊ ပုထုဇဉ်ကြားတာ သိတာက ခွေး သံကြား။ ဝက်သံကြား ဘဲသံကြား မိန်းမသံကြား၊ ရေဒီယိုသံ ကြား အရိယာကြားတာ သိတာက ခံစားမှု သဘောဝေဒနာ၊ ဝေဒနက္ခန္ဓာ၊ အဲဒါဘဲရှိတယ်။ အဲဒါဘဲရှိတဲ့ဥစ္စာ ဒါ့ကိုမသိ တော့ဘူး မရှိတာတွေ လျှောက်သိတော့ အားလုံး သမုဒယ သစ္စာရကုန်ပြီ၊ သစ္စာလေးချက်မဟုတ်လား။

အဲဒီတော့ အရိယာမြင်တာက ရူပက္ခန္ဓာ မဂ္ဂသစ္စာ ရုပ်ပေါ် မှာ မဂ္ဂသစ္စာ၊ လောဘစေတနာ ဒေါသစေတနာ မောဟစေ တနာရှိသေးသလား၊ နားနဲ့ အသံနဲ့ ကြားလိုက်တဲ့အခါ အသံ ရုပ်ပေါ်မှာ ခံစားမှုသဘော ဝေဒနာ၊ လောဘရဲ့စေတနာ ဒေါသရဲ့စေတနာ မောဟရဲ့စေတနာရှိသေးသလား။ နံလိုက်တဲ့ အချိန်အခါမှာလဲ အနံ့ဓမ္မရုပ်ပေါ်မှာ စေတနာ ဒေါသ စေတနာ မောဟစေတနာ ရှိသေးသလား။ လျှာနဲ့ ရသာနဲ့ စားလိုက်တဲ့အခါ ရသာ၏ရုပ်ပေါ်မှာ ပုထုဇဉ်တို့၏လောဘ ဒေါသ မောဟစေတနာ မမြင်တော့ဘူး။ ဝေဒနာဘဲရှိတော့ တယ်။ဒါကြောင့်မို့ မျက်စိနဲ့မြင်လိုက်တဲ့အခါ စေတနာ ဝေ ဒနာဖြစ်တယ်။ နားကလဲ ဝေဒနာမြင်တယ်။ မျက်စိကလဲ

အသုဘကြီးမြင်နေတော့ မကြည့်ချင်ဘူးဝေဒနာဖြစ်သွားတယ်။ နားနဲ့အသံနဲ့ကြားလိုက်တော့ ခံစားလိုသော ဝေဒနာဆိုတော့ ဝေဒနာဖြစ်မသွားဘူးလား။ မကြားချင်ဘူး နှာခေါင်းနဲ့အနံ့နဲ့ ထိမှန်လိုက်တဲ့အခါ မနံချင်ဘူး။ လျှာနဲ့ရသာနဲ့ စားလိုက်တဲ့အခါ ဝေဒနာ ဖြစ်သွားတော့ မစားချင်ဘူး။ ကိုယ်နဲ့အတွေ့နဲ့ထိမှန်လိုက်တော့ ဝေဒနာဖြစ်သွားတော့ မသိချင်ဘူး မနော နဲ့ဓမ္မနဲ့ ထိလိုက်တော့ သိလိုက်တော့ မကောင်းတာလဲ ဝေဒနာ၊ကောင်းတာလဲ ဝေဒနာဆိုတော့ဘာမှမသိချင်ဘူး ငါ့လာ မပြောနဲ့ကွာ မသိချင်ဘူး။သူများစိတ် စစ်သေးသလား။(မစစ်တော့ပါဘူးရား) သူများအကြောင်း မပြောကောင်းဘူး။ကိုယ့်စိတ်ကိုယ်စစ်ကြ ကိုယ့်စိတ်ကိုယ်စစ်မှအမှန်၊ သူများက ဘယ်လိုဘဲ ဘာကဘယ်လိုဘဲပြောရင် သူများအကြောင်းပြောတာ၊ သူများအကြောင်းပြောရင် ပုထုဇဉ်၊ သူများအကြောင်းမပြောဘဲ ကိုယ့်စိတ်ကိုယ်စစ်တာ အရိယာ၊ မျက်စိပေါက်က ကိုယ့်စိတ် ကိုယ်မစစ်ဘူးလား။ (စစ်ပါတယ်ဘုရား) နားပေါက်ကလဲ ကိုယ့်စိတ်ကိုယ်မစစ်ဘူးလား။ နှာခေါင်းပေါက်ကလဲ ကိုယ့်စိတ် ကိုယ်မစစ်ဘူးလား။ ပါးစပ်ပေါက်ကလဲ ကိုယ့်စိတ် ကိုယ်မစစ် ဘူးလား။ မနောပေါက်ကလဲ ကိုယ့်စိတ်ကိုယ်မစစ်ဘူးလား။

မျက်စိပေါက်က ရူပက္ခန္ဓာ ရုပ်တရား နားပေါက်က ဝေ ဒနက္ခန္ဓာ နာမ်တရား၊ နှာခေါင်းပေါက်က နံ့ဆဲပစ္စုပ္ပန် ဝေဒ နက္ခန္ဓာ၊ လျှာပေါက်က စားခိုက်မှာ ဝေဒနက္ခန္ဓာ နာမ်တရား ကိုယ်ပေါက်ကထိဆဲမှာ ဝေဒနက္ခန္ဓာ နာမ်တရား။မနောပေါက် ကသိဆဲမှာ ဝေဒနက္ခန္ဓာနာမ်တရား။ မျက်စိပေါက်က ရူပက္ခ



န္ဓာရုပ်၊ ခံစားတာက ဝေဒနက္ခန္ဓာ နာမ်၊ နာမ်နဲ့ရုပ်နဲ့ ဓမ္မရုပ် ဓမ္မနာမ် ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား) အဲဒီမျက်စိ ပေါက်က မြင်လိုက်တဲ့အချိန်မှာ ဓမ္မရုပ် ဓမ္မနာမ် တည်မသွား ဘူးလား။ (တည်သွားပါတယ်ဘုရား) ရုပ်ဝေဒနာ နာမ်ဝေ ဒနာ ဖြစ်မနေပေဘူးလား။ နားပေါက်ကလဲ ရုပ်ဝေဒနာ နာမ် ဝေဒနာဖြစ်မနေပေဘူးလား။ လျှာပေါက်က စားခိုက် မှာ ဝေဒနာ၊ရုပ်နဲ့နာမ်နဲ့ ဝေဒနာဖြစ်မနေပေဘူးလား။ ကိုယ်နဲ့ အတွေ့နဲ့ ထိမှန်လိုက်တဲ့အခါ ရုပ်ဝေဒနာ နာမ် ဝေဒနာဖြစ် မနေပေဘူးလား။ မနောနဲ့ဓမ္မနဲ့ ပေါင်းဆုံတဲ့အခါ ရုပ်ဝေ ဒနာ နာမ်ဝေဒနာဖြစ်မနေပေဘူးလား။ ဝေဒနာနေ့ အဲဒါ ဘာလဲတဲ့ မဂ်ဝေဒနာ၊ အဲဒီဝေဒနာဖြစ်တာ မျက်စိက မိန်းမ မမြင် ယောကျ်ားမမြင်လို့၊

စေတနာတွေက မဂ်စေတနာတွေ မဟုတ်ဘူး၊ အင်း အဲဒီ စေတနာဟာ ဘာလဲတဲ့၊ ဘာကြောင့် မဂ်၊ မဂ်လို့ခေါ်သလဲတဲ့၊ မျက်စိပေါက်ကနေပြီး လောဘရယ်၊ဒေါသရယ်၊ မောဟရယ်၊ အဲဒီစေတနာတွေ ပျက်ကုန်ပြီ၊ (ပျက်ကုန်ပါပြီဘုရား)ချုပ်ကုန် ပလား (ချုပ်ကုန်ပါပြီဘုရား)၊ ဘာဝေဒနာဖြစ်သလဲ၊ နာမ်ရုပ် ဝေဒနာဖြစ်မနေပေဘူးလား၊ အဲဒီနာမ်ရုပ် ဝေဒနာက နေပြီး တော့ နေရာခင်းလိုက်တာ၊ အဲဒီတော့ အကုသိုလ် စေတနာ တွေ ချုပ်ကုန်ပြီ၊ အကုသိုလ်စေတနာတွေ၊ လောဘရဲ့စေတနာ၊ ဒေါသရဲ့စေတနာ၊ မောဟရဲ့စေတနာ၊ မျက်စိပေါက်က ချုပ် သွားတော့၊ အနာဂါတ်ကာလကျရင် အကျိုးတရား သင်္ခါရ ဒုက္ခ၊ မောဟရဲ့ပြိတ္တာ၊ ဒေါသရဲ့ငရဲ၊ မောဟရဲ့တိရစ္ဆာန်၊ အကျိုး

တရားခန္ဓာငါးပါး၊ ဒုက္ခသစ္စာချုပ်ပြီးမသွားဘူးလား။ (ချုပ်သွားပါဘုရား) မျက်စိပေါ်က ချုပ်သွားပြီ၊ နားပေါ်ကကော တကာကြီး၊ လောဘရဲ့စေတနာ၊ ဒေါသရဲ့စေတနာ၊ မောဟရဲ့စေတနာ၊ ဒီစေတနာတွေချုပ်သွားတော့ နာမ်ရုပ်ဘဲကျန်တော့တယ်။ အဲဒီအကျိုးတရားဟာ အနာဂါတ်မှာကံကြောင့် ပြိတ္တာရယ်၊ ငရဲရယ်၊ တိရိစ္ဆာန်ရယ်ဖြစ်ပါဦးမလား။ (မဖြစ်ပါဘုရား) နာမ်အကြောင်း သမုဒယသစ္စာ၊ အကျိုးတရား ဒုက္ခသစ္စာ ငါ ချုပ်ပြီ၊ ငါအခု ပစ္စုပ္ပန်ကာလမှာ မျက်စိကနေပြီးတော့ မဂ္ဂသစ္စာ၊ အကြောင်းပေါ်သွားပြီ၊ ငါသတ်လိုက်ပြီ မျက်စိကမြင်လိုက်တာ ရုပက္ခန္ဓာအသုဘတရားပေါ်သွားပြီ နားပေါ်ကနာမ်လက္ခဏာဝေဒနက္ခန္ဓာ၊ နာမ်လက္ခဏာပေါ်သွားပြီ၊ နှာခေါင်းပေါ်က နာမ်လက္ခဏာ ပေါ်သွားပြီ။ လျှာပေါ်က နာမ်လက္ခဏာပေါ်သွားပြီ၊ ကိုယ်ပေါ်က နာမ်လက္ခဏာပေါ်သွားပြီ၊ မနောပေါ်က နာမ်လက္ခဏာပေါ်သွားပြီ၊ မျက်စိပေါ်က အသုဘလက္ခဏာရုပ်၊ နာမ်နဲ့ရုပ်နဲ့ဖြစ်မနေဘူးလား။

## နိရောဓသစ္စာ

အဲဒါကြောင့်မို့လို့ မြင်တိုင်း ကြားတိုင်း စားတိုင်း ထိတိုင်း သိတိုင်း အရိယာသူတော်ကောင်းများက မြင်လိုက်တဲ့အချိန်မှာ ရုပက္ခန္ဓာ၊ ရုပ်လက္ခဏာ၊ အသုဘရုပ်လက္ခဏာ၊ ကြားလိုက်တဲ့အခါ ခံစားမှုသဘောနာမ်လက္ခဏာ၊ မျက်စိပေါ်ကလဲ နာမ်ရုပ်တည်မသွားဘူးလား။ အဲဒါ ဘာလဲ အရိယာက ငါ့အတိတ်-



လောဘစေတနာ၊ ဒေါသစေတနာ၊ မောဟစေတနာ၊ ငါချုပ်သွားပြီ၊ မဖြစ်တော့ဘူး။ ကံပြတ်သွားပြီ၊ စေတနာတွေပျက်ကုန်ပြီ၊ အနာဂါတ်အကျိုးတရား သင်္ခါရဒုက္ခချုပ်ပြီ။

ငါ အခုပစ္စုပ္ပန်ကာလမှာ မဂ္ဂသစ္စာ၊ ဘယ်ဟာလဲ၊ မြင်လိုက်တဲ့အခါ အသုဘရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ ရုပ်သိသွားပြီ၊ ဓမ္မရုပ် ဓမ္မနာမ်တည်မသွားဘူးလား။ နားပေါ်ကလဲ ဓမ္မရုပ် ဓမ္မနာမ်၊ ခံစားမှုသဘောဝေဒနာ၊ အသံရုပ်ဝေဒနာ၊ ခံစားမှုသဘောဝေဒနာ၊ အသံ၏ဓမ္မရုပ် ခံစားတာနာမ်၊ အဲဒီလိုဓမ္မရုပ် ဓမ္မနာမ်တည်မသွားဘူးလား၊ မျက်စိကလဲ ရုပက္ခန္ဓာရုပ်ကိုခံစားလိုက်တယ်၊ အဲဒီတော့ ဓမ္မရုပ်ဓမ္မနာမ်၊ နားပေါ်ကလဲ ဓမ္မရုပ် ဓမ္မနာမ်၊ နှာခေါင်းပေါ်ကလဲ ဓမ္မရုပ်ဓမ္မနာမ်၊ လျှာပေါ်ကလဲ ဓမ္မရုပ်ဓမ္မနာမ်၊ မျက်စိပေါ်ကလဲ ရုပက္ခန္ဓာ အကြောင်းတရားနော်၊ ခံစားတာက ဝေဒနက္ခန္ဓာ အကျိုးတရား၊ နားပေါ်ကနေပြီးတော့ အသံရုပ်၊ အသံရုပ်က ဝေဒနက္ခန္ဓာ အကြောင်းတရား၊ ခံစားတာက အကျိုးတရား။ အဲ နှာခေါင်းနဲ့ အနံ့နဲ့ ထိမှန်လိုက်တဲ့အချိန်မှာ အနံ့ရုပ်ဝေဒနက္ခန္ဓာအကြောင်းတရား၊ ခံစားတဲ့နာမ်ကအကျိုးတရား၊ လျှာနဲ့ရသာနဲ့ စားလိုက်တဲ့အခါ ရသာရုပ်ကအကြောင်းတရား ခံစားတဲ့နာမ်က အကျိုးတရား အကြောင်းတရား၊အကျိုးတရားတွေနော်။

အဲဒီတော့ ပုထုဇဉ်က မျက်စိနဲ့မြင်လဲ အကြောင်းသမုဒယ၊ လောဘ၊ ဒေါသ၊ မောဟ၊ စေတနာ၊ အကြောင်း သမုဒယသစ္စာ၊ အနာဂါတ်ကျဘီဆိုရင် သင်္ခါရဒုက္ခ၊ လောဘ၊ ဒေါသ၊ မောဟ ငရဲ၊ ပြိတ္တာ၊ တိရိစ္ဆာန်၊ အကျိုးတရား ဒုက္ခသစ္စာ။

အရိယာသူတော်ကောင်းက ပစ္စုပ္ပန်မဂ္ဂသစ္စာ၊ ဘယ်လိုမဂ္ဂသစ္စာလဲ၊ မျက်စိနဲ့မြင်လိုက်တာလဲ အသုဘလက္ခဏာရုပ်၊ လောဘ၊ ဒေါသ၊ မောဟ၊ ၌စေတနာချုပ်ပြီ။ ဓမ္မရုပ်ဓမ္မနာမ် တည်နေပြီ။ ဓမ္မရုပ် ဓမ္မနာမ်ကျန်တာ မဂ္ဂသစ္စာ၊ နားနဲ့အသံနဲ့ ကြားလိုက်တဲ့အခါ ခံစားမှုသဘောဝေဒနာက္ခန္ဓာ၊ နာမ်ကို သိလိုက်တာ မဂ္ဂသစ္စာ၊ နှာခေါင်းနဲ့အနံ့နဲ့ ထိမှန်လိုက်တဲ့အချိန်ခါ ခံစားမှု သဘော၊ ဝေဒနာသိလိုက်တာကမဂ္ဂသစ္စာ၊ အတွေ့နဲ့ထိမှန်လိုက်တဲ့အချိန်မှာ ခံစားမှုသဘောဝေဒနာကိုသိလိုက်တာကမဂ္ဂသစ္စာ၊ မနောနဲ့ဓမ္မနဲ့ပေါင်းဆုံလိုက်တဲ့အခါ ခံစားမှုသဘောဝေဒနာကို သိလိုက်တာက မဂ္ဂသစ္စာ၊ မြင်တာလဲ မဂ္ဂသစ္စာ၊ ကြားတာလဲ မဂ္ဂသစ္စာ၊ နံတာလဲမဂ္ဂသစ္စာ၊ ခါးတာလဲမဂ္ဂသစ္စာ၊ ထိတာလဲ မဂ္ဂသစ္စာ၊ သိတာလဲမဂ္ဂသစ္စာ၊ အခု ပစ္စုပ္ပန်ကာလ သမုဒယသစ္စာကို မဂ္ဂသစ္စာက သတ်လိုက်ပြီ။ အကြောင်းက သမုဒယ လောဘ၊ ဒေါသ၊ မောဟတွေကိုသတ်လိုက်ပြီ။ ပစ္စုပ္ပန်ဘာကျန်သလဲ၊ ဓမ္မရုပ်၊ လက္ခဏာရုပ်၊ လက္ခဏာနာမ် ကျန်တယ်။ အဲဒါ မဂ်က သတ်လိုက်တာနော်။

မဂ်ကသတ်တယ်ဆိုတာ မေ့နေတာ မဟုတ်ဘူး။ မေ့နေရင် မောဟ။ နို့-ဒကာကြီး ပုသိမ်သွားချင်တယ်ဆိုလို့ဆိုရင် ဒကာကြီးမသိဘဲနဲ့ရောက်ပါ့မလား။ အိပ်ပျော်နေရင်ရောက်ပါ့မလား၊ မေ့နေရင်ရောက်ပါ့မလား။ လောကကြီးမှာ မေ့နေတာတွေက များတယ်။ မေ့နေရင် မောဟ၊ မဂ်ဆိုတာ မြင်တိုင်းကြားတိုင်း အကုသိုလ်စိတ်ဖြစ်နေတဲ့ဥစ္စာ။ မဂ်ကုသိုလ်စိတ်က နေရာဝင်ယူ



တာ။ မိစ္ဆာဒိဋ္ဌိဖြစ်နေတဲ့ဥစ္စာ သမ္မာဒိဋ္ဌိလက္ခဏာရုပ်, လက္ခဏာနာမ်က နေရာဝင်ယူတာ။

ဘုရားက လက္ခဏာမြင်အောင်ကြည့်ရမယ်တဲ့၊ လက္ခဏာရုပ် ပေါ်သွားပြီ။ သဘောရုပ်၊ သဘောနာမ်၊ လက္ခဏာရုပ်၊ လက္ခဏာနာမ် ပေါ်မသွားကြဘူးလား။ အဲဒါ အရိယာက သိပြီ။ အင်း အကြောင်းသမုဒယသစ္စာ အကျိုးတရားဒုက္ခသစ္စာ။ သမုဒယရဲ့ ဒုက္ခချုပ်သွားပြီ။ ငါ့အခု ပစ္စုပ္ပန်ကာလမှာ မဂ္ဂသစ္စာ၊ အပါယ်မကျတော့ဘူး။ အနာဂါတ်ကာလကျပြီဆိုရင် အသက် ငါးရာ, တထောင်, တသောင်းရှိတဲ့ နတ်စည်းစိမ်သုခ ခံစားတော့မယ်၊ ဒုက္ခချုပ်သွားပြီ၊ သုခခံစားတော့မယ်ဆိုပြီး အနာဂါတ်ကာလ လှမ်းမြင်နေတာ နိရောဓသစ္စာ။ ဒီလို မြင်တာ ပထုဇဉ်လို အာဝဇ္ဇာနနဲ့ စွဲနေတာ မဟုတ်ဘူး၊ မေ့နေတာ မဟုတ်ဘူး။

## အကြောင်းချုပ်ပုံ

အဲဒါကြောင့်မို့လို့ အရိယာ သူတော်ကောင်းများက မြင်လိုက်တာ ဘာတဲ့လဲ။ နာမ်ရုပ်၊ လက္ခဏာရုပ်၊ လက္ခဏာနာမ် မြင်နေတာ မဂ္ဂသစ္စာ၊ ဒါကြောင့်မို့လို့ အရိယာက မဂ္ဂသစ္စာ၊ ကြားလိုက်တဲ့အသံပေါ်မှာလဲမဂ္ဂသစ္စာ၊ နံလိုက်တာလဲမဂ္ဂသစ္စာ၊ မဂ္ဂသစ္စာဆိုတာ ဘာလဲ။ အကုသိုလ် စေတသိက်တွေ ချုပ်ကုန်တာ။ မဂ်ကုသိုလ်စေတနာဝင်သွားပြီ။ တကယ်ရှိတာ လက္ခဏာ

ရှုပ် လက္ခဏာနှုတ်က ဓနုရှာဝင်ယှဉ်ရိုက်ပြီ။ ဓနုရှာ ဝင်ယှဉ်လိုက် တော့ လောဘရှိစေတနာ၊ ဒေါသရှိစေတနာ၊ မောဟရှိစေတ နာ၊ စေတနာအကြောင်းတော့ ဖြတ်ကုန်ပြီ။ အကြောင်းဖြတ် တော့ အကျိုးတရား ကံရုပ်ပေါ်အုံးမလား။ မျက်စိ ပေါက်ကာလဲ အကြောင်းစေတနာချုပ်သွားတော့ အကျိုးတရားခန္ဓာ မဖြစ် တော့ဘူး။ နားပေါက်ကာလဲ အကြောင်း သမုဒယသစ္စာ၊ အ ကြောင်းချုပ်သွားတော့ အကျိုးမဖြစ်တော့ဘူး။ လျှာနဲ့အရသာ နဲ့ စားလိုက်တဲ့အခါ အကြောင်းချုပ်တော့ အကျိုးရုပ်ဦးမလား ကိုယ်နဲ့အတွေ့နဲ့ ထိမှန်လိုက်တဲ့ အချိန်အခါ အကြောင်းချုပ် တော့ အကျိုးဖြစ်ပါဦးမလား။ မနောနဲ့မှုနဲ့ ပေါင်းဆုံလိုက် တဲ့အခါ အကြောင်းချုပ်သွားတော့ အကျိုး ဖြစ်ပါဦးမလား၊ အရိယာကာမြင်လိုက်တဲ့ အချိန်အခါ အကြောင်း သမုဒယချုပ် တယ်။ အကျိုးသင်္ခါရဒုက္ခချုပ်တယ်၊ မြင်လိုက်တာ မဂ္ဂသစ္စာ။

အနာဂါမိတ်ကာလကျပြီဆိုရင် နုတ်ဓါတ်စည်းစိမ် သုခဝေဒနာ ဒလစပ်ကြီးရတော့မယ်ဆိုတာ သိနေတော့ ချမ်းသာနေပြီ (ဘို စဉ်ပါဘုရား)

အခု ပစ္စုပ္ပန်ကာလမှာလဲ ချမ်းသာတယ်၊ မြင်တိုင်းချမ်းသာ တယ်၊ ကြားလိုက်တာလဲချမ်းသာတယ်၊ နံတာလဲချမ်းသာတယ်၊ ငါဘယ်တော့မှ အပယ်မကျတော့ဘူး၊ လူ့ပြည်မှာလဲ လူ့ခန္ဓာ လာမဖြစ်တော့ဘူး။ အနာဂါမိတ်ကာလကျရင် နုတ်ဓါတ် စည်းစိမ် တပက်ကို သကာမ ငါးရာ့ခြောက်ရာ့တစ်ထောင်နဲ့ ငါခံစားရ



တော့မယ်လို့ အဲဒီလိုသိနေပြီ၊အဲဒီတော့မချမ်းသာဘူးလားအကာ ကြီး၊ (ဘိုစဉ်စံရတော့မှာပါဘုရား) ဒကာကြီး သိန်းထီကြီး ပေါက်ပြီဆိုလို့ရှိရင် ကဲ ငွေမထုတ်ရသေးဘူး၊ လက်မှတ်ထဲမှာ သိန်းဆုကြီးရပြီ၊ ထီပေါက်ပြီလို့ အသံကြားပြီ၊ ငွေတော့မထုတ် ရသေးဘူး။ ဝမ်းမသာဘူးလား (ဝမ်းသာပါဘုရား) သိန်းထီ ပေါက်ပြီလို့ အသံကြားတာနဲ့ ဝမ်းသာတယ်။ အဲဒီတော့ ငါ သည် အနာဂါမိတ်ကာလ နုတ်ဓါတ်စည်းစိမ်နဲ့ နုတ်ဓါတ်ဘုံဗိမာန်ကြီး မှာ နုတ်ဓါတ်ခန္ဓာ၊ နုတ်ဓါတ်သတ္တလောက၊ နုတ်ဓါတ် သင်္ခါရလောက၊ နုတ်ဓါတ်ဩကာသလောက၊ လောကသုံးပါး ခလယ်ဘုံမှာ ရှိပြီ။ ငါစိုးစံတော့မယ်လို့ ဒီလိုသိလိုက်ပြီဆိုရင် မချမ်းသာ ဘူးလား (ချမ်းသာပါဘုရား)၊ ဘယ်သွားလို့ဘယ်လာရမှန်းမသိတဲ့ပုဂ္ဂိုလ် က သေရမှာ ကြောက်တယ်၊ သေရမှာ ကြော[illegible]တာ က ပု ထုဇဉ်။

သေရမှာများတော့ တကာမကြီးတွေမကြောက်ကြနဲ့၊ ကံ ကုန်ရင်သေမှာဘဲ၊ ဘယ်လိုသတ်လို့မှမကြောက်ဘူး၊ သေနတ်နဲ့ ပစ်လဲမကြောက်ဘူး။ ဓါးနဲ့ထိုးလဲမကြောက်ဘူး၊ မီးပုံထဲရှို့လဲ မကြောက်ဘူး၊ ဘာလို့ကြောက်ရမှာလဲ၊ ကံကုန်မှ သေမှာ၊ သူ သတ်မှလား။ သူမသတ်လဲကိုယ်သေမှာဘဲ (သေရမှာပါဘုရား) ဘာလို့ကြောက်ရမှာလဲ မကြောက်နဲ့၊ ကြောက်ရင် ပုထုဇဉ်။ တကာကြီးကြောက်သလား။သိအင်းယောဂီကသေရဲတယ်၊သေရဲ တာပေ့။ သေရင်ဘယ်သွားမလဲဆိုတာ သိနေတာကိုး။ ဘယ် သွားလို့ ဘယ်လာရမှန်းမသိတဲ့ ပုဂ္ဂိုလ်က သေရမှာ အလွန်

ကြောက်တယ်။ ငါနတ်ပြည်သွားတော့မယ်ဆိုရင် ကြောက်ပါ့အုံးမလား။ ငြမ္မာ(၂၀)သွားရမယ်ဆိုရင်ကြောက်ပါအုံးမလား။ ငါဘုံသုံးပါးက လွတ်နေပြီ ဆိုရင် ကြောက် ပါ အုံး မ လား (မကြောက်တော့ပါဘုရား) မသိတဲ့ပုဂ္ဂိုလ်ကကြောက်တယ်။

ဒါကြောင့်မို့ ဒီကနေ့အဘို့မှာ မျက်စိတံခါး၊ နားတံခါး၊ သစ္စာလေးချက်ကို ပုထုဇဉ်တို့၏ မြင်တဲ့သစ္စာ၊ ပုထုဇဉ်က မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း သမုဒယသစ္စာ၊ အနာဂါတ် ဆေးရင် ဒုက္ခသစ္စာ၊ အကျိုးတရား ပစ္စုပ္ပန်အကြောင်း သမုဒယ၊ အနာဂါတ်ကျရင် အကျိုးတရားဒုက္ခ၊ အရိယာကပစ္စုပ္ပန်အကြောင်းမဂ္ဂ၊ အနာဂါတ်ကျရင် နိရောဓအကျိုးတရား၊ သစ္စာလေးချက်နော်၊ (မှန်ပ)ဒုက္ခသစ္စာ သမုဒယသစ္စာ၊မဂ္ဂသစ္စာ၊နိရောဓသစ္စာဆိုပြီး လုံးလည်ချာလပတ်ကြီးဟောတဲ့တရားမဟုတ်ဘူး။ ပုထုဇဉ်အမြင်အသိက သစ္စာတမျိုး၊ အရိယာသစ္စာကတမျိုး၊သစ္စာလေးချက်ကို လူပိန်းသူနအကုန်သိအောင်လို့ ဟောတာ။ မနက်ဖြန်ခါ သစ္စာ၊ သစ္စာအဆင့်ဆင့်တွေ ဟောပြမယ်။

သဒ္ဓိသုံးပါး

အဲဒီတော့ မျက်စိကမြင်လိုက်ရင် ရုပ်ရယ်၊နာမ်ရယ် တည်သွားတော့ တကောကြီး မျက်စိပေါ်ကြောက နေပြီးတော့ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ၊ ပညာဝိသုဒ္ဓိ၊ လောဘစေတနာ၊ ဒေါသစေတနာ၊ မောဟစေတနာ ချုပ်သွားတော့ အိန္ဒြိယသံဝရသီလ မလုံဘူး



လား (လုံပါတယ်ဘုရား) လောဘဖြစ်နေလို့ရှိရင် အိန္ဒြေလုံပါ့မလား၊ ဒေါသဖြစ်နေလို့ရှိရင်အိန္ဒြေလုံပါ့မလား။ ဘယ်သူ့ကိုတော့ ချလိုက်မယ်ဟေ့၊ ဘယ်သူတော့ လုပ်လိုက်မယ်ဟေ့ဆိုရင် လုံပါ့မလား။ အိန္ဒြေမလုံဘူး။ အရိယာက အိန္ဒြေလုံတယ်။ လောဘလဲမဖြစ်၊ ဒေါသလဲမဖြစ်၊ မောဟလဲမဖြစ်။ သေရမှာလဲ မကြောက်။ ဒီလို လောဘ၊ ဒေါသဖြစ်နေတာက အိန္ဒြေမရှိတာ။ အိန္ဒြိယသံဝရသီလဖြစ်ပါ့မလား။ သီလဝိသုဒ္ဓိဖြစ်ပါ့မလား၊ စိတ္တဝိသုဒ္ဓိဖြစ်ပါ့မလား၊ စိတ္တဝိသုဒ္ဓိဆိုတာ တကယ် ရှိတာကိုပြောတာ။ မရှိတာကိုသိတာ။ မိန်းမမြင် မိန်းမသိ၊ ယောကျ်ားမြင် ယောကျ်ားသိ၊ ခွေးမြင် ခွေးသိ၊ ကောမြင် ကောသိ။ ကောင်မြင်ကောင်သိ၊ ရေမြင်ရေသိ၊ နွားမြင်နွားသိ၊ ကြက်သံကြား၊ ဝက်သံကြား၊ ခွေးသံကြား၊ ဘဲသံကြား၊ ရေဒီယိုသံ ကြား၊ မွှေးတယ်-သင်းတယ်-ကြိုင်တယ်-ချဉ်တယ် -ပုပ်တယ်-နံတယ်-ချိုတယ်-တောင့်တယ်-ကောင်းတယ်-မကောင်းဘူး၊ ငါလှမ်းတယ်၊ ငါသွားတယ်၊ငါချတယ် ငါအိပ်တယ်၊ငါစားတယ်။ အဲဒီလိုသိတာ ပုထုဇဉ်အသိ၊ အဲဒါက မိစ္ဆာဒိဋ္ဌိ။

သမ္မာဒိဋ္ဌိရှိတဲ့တရားက ရုပက္ခန္ဓာ ဝေဒနာက္ခန္ဓာ နာမ်နဲ့ရုပ်ကိုသိတာ လက္ခဏာရုပ် လက္ခဏာနာမ်သိတာ အဲဒီလက္ခဏာရုပ် လက္ခဏာနာမ်သိတာ အဲဒီလက္ခဏာရုပ် လက္ခဏာ နာမ်သိတာ သမ္မာဒိဋ္ဌိရှိတာကိုသိပါတဲ့ မရှိတာကိုမသိနိုင်တဲ့ မိန်းမ ယောကျ်ားမရှိဘူးတဲ့ ခွေး ကြောင် ကြက်မရှိဘူးတဲ့ ဝက် နွားမရှိဘူးတဲ့ ဘာရှိသလဲတဲ့ နာမ်နဲ့ရုပ်သာ ရှိတယ်တဲ့ အဲဒီတော့ နာမ်နဲ့ရုပ်ဆို

တာ ပညတ်လို့တင်စားပြောရတာတော့ (တကယ်မြင်နေတာ ပစ္စုပ္ပန်မှာ ဘာကိုမြင်နေသလဲ ရုပ်ကလာပ် အသုဘလက္ခဏာရုပ် ကို ပေါ်နေမယ်) မနေရှုရ စိတ်ကမြင်နေရမယ်။ မိန်းမ ယောကျ်ား မိန်းမ ယောကျ်ား မြင်နေရင် လောဘ ဒေါသ မောဟ ဖြစ်သွားမှာပေါ့။ အသုဘလက္ခဏာရုပ်ကြီး ပေါ်မှာ အရိုးစုကြီးဆိုရင် လောဘဖြစ်ပါဦးမလား။ (မဖြစ်ပါဘုရား) အဲ ဒေါသရော မောဟရော (မဖြစ်ပါဘုရား) မျက်စိပေါက်က လောဘ ဒေါသ မောဟစေတနာတွေ ချုပ်မကုန်ဘူးလား။ အိမ်ခြေလုံမသွားဘူးလား။ မျက်စိပေါက်က အိန္ဒြိယ သံဝရသီလ လုံမသွားဘူးလား အိန္ဒြိယသံဝရသီလဆိုတာ မျက်စိပေါက်က နေပြီး။ အသုဘရုပ်ကလေးပေါ်မှာတည်နေတော့ စိတ်ကအသိ စိတ်မှတ် ဖြစ်မနေဘူးလား။ မျက်စိပေါက်ကနေပြီး ငါမြင် တိုင်း ခွေးလဲမဖြစ်ဘူး နွားလဲမဖြစ်ဘူး ပြဿာဒ်လဲမဖြစ်ဘူး ငါ ခွေးမမြင်တော့ ခွေးမဖြစ်ဘူး ဝက်မမြင်တော့ ဝက်မဖြစ်ဘူး ဘုန်းကြီးမမြင်တော့ ဘုန်းကြီးမဖြစ်ဘူး ကျောက်ဆင်းတုဘုရား ကြီးမမြင်တော့ ငါ နောက် ကျောက်ဆင်းတုကိုယ်တော်ကြီး မဖူးရတော့ဘူး။ ရွှေတိဂုံဘုရားကြီး ငါ မမြင်တော့ ငါ ရွှေတိဂုံ ဘုရားကြီး နောက်မဖူးရတော့ဘူး မမြင်လို့မဖူးတာ မြင်ရင် နောက်ဖူးအုံး ကျောက်ဆင်းတုဘုရားကြီးမြင်ရင် နောက်ဖူးအုံး ရုပ်နာမ်မှ မဟုတ်ဘဲ။

သဠါနဲ့ ပြောတာကို အချို့က တယ်ဒေါသကြီးတယ်လို့ ပြောကြတယ်။ မဟုတ်ပါဘူး သိစေချင်လွန်းလို့ပါ သဠါ သိစေ-



ချင်လို့ပါ။ သဲအင်းဂူက ဟောရင်း ဟောရင်းနဲ့ ဒေါသဖြစ် တယ်လို့ပြောတယ်။ သဠါ ကြားရှိသွားတယ်။ သိစေချင်လွန်းလို့ စေတနာ စေတနာကိုသိပါစေတော့လို့ ဦးပဥ္စင်းက စာတတ်လို့ ဟောနေတဲ့တရားမဟုတ်ဘူး။ ခန္ဓာကသိတဲ့တရားတွေ ဟောတာ နို့ စာမှမတတ်ပါဘဲနဲ့။

## အိန္ဒြိယ သံဝရသီလ

စိတ်ရှေ့ကိုပြောနေတာ ခနော်၊ အဲဒီတော့ မျက်စိပေါက်က နေပြီးတော့ အိန္ဒြိယ သံဝရသီလ လောဘ ဒေါသ မောဟမဖြစ် တာ အိန္ဒြိယ သံဝရသီလ ပေါ်တယ်။

အဲဒါကို ဘယ်သူမြင်နိုင်သလဲ (မမြင်နိုင်ပါဘုရား) ဒီသီလ ဖြစ်နေတာ ကိုင်လို့ရသလား။ (မရပါဘုရား) တွယ်လို့ရသလား (မရပါဘုရား) ပရမတ်သစ္စာ၊ အဲ့—အာရိယာသီလဆိုတာ မြင် ကောင်းတဲ့ သီလမဟုတ်ဘူး။ ကျောင်းသွားပြီးတော့ နှစ်ဆ ကိုတ ဝါရိတ ဝိသုတ၊ ကျောင်းသွားပြီး ပုတီးကြီးစိပ်နေတာ အဲဒီ သီလက လူမြင်တယ်၊ အိန္ဒြိယ သီလဆိုတာက မျက်စိပေါက်က နေပြီး လောဘရဲ့အိမ်ခြေ၊ ဒေါသရဲ့အိမ်ခြေ၊ မောဟရဲ့အိမ်ခြေ အပါယ်လေးပါးကျရောက်မဲ့ အကုသိုလ်စေတနာတွေ ချုပ်ပြီး အိမ်ခြေလုံသွားပြီ၊

အိန္ဒြိယသံဝရသီလ မျက်စိက လုံမသွားဘူးလား၊ ရုပ်လက္ခ

အာ နှာမ်းလက္ခဏာ တည်တာ အသိစိတ်ခေတ် ဖြစ်မနေဘူး လား။ မျက်စိပေါက်က ငါ လူ့ပြည်ကြီး လူ့ခန္ဓာ လာမဖြစ်တော့ဘူး။ ဘုန်းကြီးမဖြစ်ဘူး ရသေ့မဖြစ်ဘူး။ ငရဲမရတော့ဘူး။ ယောကျ်ားမဖြစ်ဘူး၊ ခွေးမဖြစ်ဘူး၊ ဝက်မဖြစ်ဘူး။ အဲဒီလိုသိတာဘာလဲ အစ်ပညာ နတ်ပြည် ငါသွားတော့မယ်။ သုခ ခံစားတော့မယ်လို့ သိလိုက်တာ အဓိပညာ။

မျက်စိပေါက်က မြင်နေရင် စိတ်ချမ်းသာမနေဘူးလား။ မျက်စိကလဲ၊ သီလဝိသုဒ္ဓိမဖြစ်ဘူးလား။ စိတ်ရဲ့ လက္ခဏာရုပ် လက္ခဏာနာမ်တည်နေတာ စိတ္တသုဒ္ဓိမဖြစ်ဘူးလား။ ပညာဝိသုဒ္ဓိဆိုတာ ငါ ဘယ်တော့မှ အပါယ်မကျတော့ဘူး။ နတ်၏ စည်းစိမ် သုခခံစားတော့မယ်၊ အဲဒီလိုဆိုတာ ပညာဝိသုဒ္ဓိ ခေါ်တယ်။ မျက်စိကလဲ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ပညာဝိသုဒ္ဓိ ဖြစ်မနေဘူးလား။ နားပေါက်ကလဲ ငါ ခွေးသံမကြား၊ ဝက်သံမကြား၊ ရေဒီယိုအသံမကြား၊ မိန်းမသံမကြား၊ ယောကျ်ားသံမကြား၊ မကြားတော့ဘူး။ လူ့ပြည်ကြီး ငါမလာတော့ဘူး။ ယောကျ်ား မိန်းမ မဖြစ်တော့ဘူး။ ငါ နတ်၏စည်းစိမ် ခံစားတော့မယ်။ အဲဒီလို သိတာ ဒီတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ မဖြစ်ဘူးလား။ နှာခေါင်းပေါက်ကလဲ နံ့သံမှာအဓိသီလ အဓိစိတ္တ၊ အဓိပညာ၊ အိန္ဒြေယသံဝရသီလ လုံသွားပြီ။ (လုံသွားပါပြီဘုရား)။

မျက်စိပေါက်ကလဲ လုံတယ်၊ နားပေါက်ကလဲ လုံတယ်။



နှာပေါက်ကလဲ လုံတယ်။ လျှာနဲ့ရသာနဲ့ ထိလိုက်တဲ့အချိန်မှာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်၊ စားနိုက်မှာ မဂ္ဂင်ရှစ်ပါး မျက်မှောက်ပြုမနေဘူးလား။ ကိုယ်နဲ့အတွေ့နဲ့ထိလိုက်တဲ့အချိန်မှာ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ မဂ္ဂင်ရှစ်ပါး မျက်မှောက်ပြုတယ်လို့ ဟောကြတယ်။ မဂ္ဂင်ရှစ်ပါး--ဘယ်လိုမျက်မှောက်ပြုသလဲ ပြောစမ်း စိတ်ဆိုတော့ မပြောတတ်ဘူး။ စိတ်ကိုပြောနေ[illegible]နေနာနဲ့ဓမ္မနဲ့ ပေါင်းဆုံလိုက်တဲ့အချိန်ခါ အဓိသီလ အဓိစိတ္တ၊ အဓိပညာ ဘယ်လိုဖြစ်သလဲ၊ သုဒ္ဓိသုံးပါး စင်ကြယ်တာ ဝေဒနာသုံးရပ် ဂုဏ်သုံးရပ် သိက္ခာသုံးရပ် ဘယ်လိုဖြစ်နေသလဲ၊ မျက်စိက ဂုဏ်သုံးရပ်၊ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ၊ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ မဂ္ဂင်ရှစ်ပါး မျက်မှောက်ပြုတာ မြင်ရလို့လား။ ကြည့်စမ်း။

(မမြင်ပါဘုရား)

အဲဒါမဂ္ဂင်ရှစ်ပါးမျက်မှောက်ပြုထားတာ အဲဒီတော့ သာသနာသုံးရပ်၊ ဂုဏ်သုံးရပ်၊ သိက္ခာသုံးရပ် တည်မသွားဘူးလား။ အဲဒါ အရိယာအမြင် အရိယာမဂ္ဂင်ခေါ်တယ်နော်၊ မိကိုသိသွားပြီဆိုရင် လုပ်ကြမယ်ဆိုလို့ရှိရင် ဒကာကြီးတွေ ဒကာမကြီးတွေ မရပေဘူးလား။

(ရနိုင်ပါဘုရား)

## ကျင့်ကြံ အားထုတ်ကြပါ

ဒါကြောင့်မို့လို့ ပုထုဇဉ်များမှာ အကြောင်းသမုဒယသစ္စာ အနာဂါမိတ်ကန်လို့ သောလိုက်ရင် အကျိုးတရားသင်္ခါရ သစ္စာ အရိယာတို့ မြင်ဆဲ ကြားဆဲ နံဆဲ သိဆဲမှာ အကြောင်းမဂ္ဂသစ္စာ၊ အနာဂါမိတ်ဆက်ပြီး နိရောဓသစ္စာ အနာဂါမိတ်မြင်နေပြီ၊ ဒီ သစ္စာလေးချက် အရိယာမမြင်ဘူးလား။ အရိယာမြင်တဲ့သစ္စာ ပုထုဇဉ်မမြင်ဘူး၊ သမုဒယသစ္စာလဲမသိဘူး၊ ဒုက္ခသစ္စာလဲမသိ ဘူး၊ မဂ္ဂသစ္စာလဲမသိဘူး၊ နိရောဓသစ္စာလဲမသိဘူး။ အရိယာ မြင်တာက သမုဒယသစ္စာအကြောင်း၊ အကျိုးတရားဒုက္ခသစ္စာ၊ မဂ္ဂသစ္စာအကြောင်း အကျိုးတရား နိရောဓသစ္စာ၊ ဒီသစ္စာလေး ချက်ကို အရိယာမြင်တာ၊ ပုထုဇဉ် ဘယ်တော့မှမမြင်ဘူး။ မြင် ပါ့မလား။

ဒါကြောင့်မို့လို့ အခု လာရောက်ကြတဲ့ အမေတွေအဖေ တွေလဲ ရစေချင်လွန်းလို့၊ တရားတောင်းသွားတဲ့ ပုဂ္ဂိုလ်ကလဲ သစ္စာလေးချက်တောင်းသွားလို့ သစ္စာလေးချက် ဟောနေတာ နော်၊ တော်လဲတော်လောက်ပါပြီ ဒကာကြီးရဲ့၊

အခုတရားလဲ ထိုင်ရအောင် ဦးပဉ္စင်းက အလုပ်သမားနော်၊ တရားနာတာကတော့ နာရပြီ နာရတာတော့ ကုသိုလ်ရပါပြီ၊ ထိုင်တာက သံသရာလွတ်မယ်၊ ဦးပဉ္စင်းက အလုပ်သမားဆို တော့ အလုပ်လုပ်မှကြိုက်တယ်။ လူရည်ချွန်ကြိုက်တာ၊ အဲဒီ



တော့ အခု လာရောက်တဲ့အမေတွေ အဖေတွေ ဒွေးတော်တွေ မနည်းတွေ့ ဒုလ္လဘရခဲ့သော တရားဖြစ်လာပြီ။ ကျင့်ကြံအားထုတ် ကြပါလို့ သတိပေးပါတယ်။

လောဘတွေ ဒေါသတွေ မောဟတွေ ကိုမဖြစ်စေကြနဲ့၊ အသိလေးတွေ ကပ်ထားကြ။ အသိမှန်ကိုလိုက်ရင် ကိုယ်ကျိုးနဲ့ထိမ် မယိမ်းသည်သာ ကမ္ဘာလဆန်းတရက်နေကတည်းက သံသရာနဲ့ကမ္ဘာ ရှည်နေတာ ဘာကြောင့်ရှည်သလဲဆိုတော့ မသိလို့။ အဲဒါ ဆရာ ကောင်းရှာကြ၊ ဆရာတွေများပါပြီလို့ ရှာကြပါလို့ ဦးပဉ္စင်း ပြောတာလဲ မယုံနဲ့အုံးလုပ်ကြည့်။ ဦးပဉ္စင်းဟောတာ မှန်တယ် လို့မပြောဘူး၊ အဲဒီတော့ လုပ်ကြည့် သိလိမ့်မယ်။ လုပ်ကြည့် ပါလို့ သတိပေးပါတယ်နော်။

## မဂ္ဂနဲ့နိရောဓ ဖြစ်နိုင်ကြပါစေ

အဲ…အခုအရိယာသစ္စာ သမုဒယသစ္စာ ဒုက္ခသစ္စာ မဂ္ဂသစ္စာ နိရောဓသစ္စာ သစ္စာလေးချက် ဟောပြောဆုံးမရတဲ့ အကျိုး တရားကြောင့် အရိယာမြင်ပုံ သိပုံ အရိယာမြင်တာက မဂ္ဂ နိရောဓ။ ပယ့်ပွန်မဂ္ဂ။ အနာဂါမိတ်နိရောဓ။ ပုထုဇဉ်က မစ္ဆုံမှန် သမုဒယ် အနာဂါမိတ်ဒုက္ခ။ ဒုက္ခသစ္စာအကျိုးတရားနော်။ [illegible] လေးချက် ဆုံးပေးရတဲ့အကျိုး အာနိသင်ကြောင့် [illegible] ရောက်ကြတဲ့ အမေတွေ အဖေတွေ ဒွေးတော်တွေ [illegible] မောင်နှမတွေ မနည်းတွေ့ ဒုလ္လဘရခဲသောတရား လူလာဖြစ်တဲ့

အခါနိမ့်မှာ မြတ်စွာဘုရား၏သာသနာတော်ကြီး နေ့ကပ်တက်ဆုံးနဲ့ ကြုံကြိုက်တဲ့အခါမှာ အမြုံမြုံ အရှုံရှုံ အရပ်ရပ်မှာ ဓမ္မရတနာ ပွင့်လင်းတဲ့အချိန်မှာ သုံးပွင့်သုံးဖ သွယ်မှိုတဲ့အချိန်မှာ သမ္မာ ဝိပဿနာတရား ကျင့်ကြံအားထုတ်နိုင်ပြီး အတိတ်က အမြင့်အသိ တွေ သမုဒယ ဒုက္ခကို ခြေနင်းပြီး အခု ပစ္စုပ္ပန်ကာလ တံခါး ခြောက်ပေါက် အာရုံ(၅) အခါ(၆)နဲ့ တိုက်ခိုက်တိုင်း ထိုက် ခိုက်တိုင်း မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ဥဏ်အဲ ထိတိုင်း မဂ္ဂနဲ့နိဗ္ဗာန် ဖြစ်နိုင်ကြပါစေ ကုန်စေ သတည်း။

(သာဓု-သာဓု-သာဓု)။

○ ☆ ○



နှာပေါက်ကလဲ ယူတယ်။ လျှာနဲ့ရသာနဲ့ ထိလိုက်တဲ့အချိန်မှာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာ မဂ္ဂင်၊ စားခိုက်မှာ မဂ္ဂင်ရှစ်ပါး မျက်မှောက်ပြုနေသလား။ ကိုယ်နှင့်အတွေ့နဲ့ထိလိုက်တဲ့အချိန်မှာ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊မဂ္ဂင်ရှစ်ပါး မျက် မှောက်ပြုတယ်လို့ ဟောကြတယ်။ မဂ္ဂင်ရှစ်ပါး ဘယ်လိုမျက် မှောက်ပြုသလဲ ပြောစမ်း စိတ်ဆိုတော့ ပြုတတ်ဘူး။ စိတ် ပြောနေ နေ့နဲ့မှန်နဲ့ ပေါင်းဆုံလိုက်တဲ့အချိန်ခါ အဓိ သီလ အဓိစိတ္တ၊ အဓိပညာ ဘယ်လိုဖြစ်သလဲ၊ သုဒ္ဓ သုံးမ စင်ကြယ်တာ သာသနာသုံးရပ် ဂုဏ်သုံးရပ် သိက္ခာသုံးရပ် ဘယ် လိုဖြစ်နေသလဲ၊ မျက်စိက ဂုဏ်သုံးရပ်၊ သီလသိက္ခာ၊ သမာဓိ သိက္ခာ၊ ပညာသိက္ခာ၊ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာ သာသနာ၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ မဂ္ဂင်ရှစ်ပါး မျက်မှောက်ပြုတာ မြင်ရလို့လား။ ကြည့်စမ်း။

(မမြင်ပါဘုရား)

အဲဒါမဂ္ဂင်ရှစ်ပါးမျက်မှောက်ပြုထားတာ အဲဒီတော့ သာသ နာသုံးရပ်၊ ဂုဏ်သုံးရပ်၊ သိက္ခာသုံးရပ် တည်မသွားဘူး အဲဒါ အရိယာအမြင် အရိယာမဂ္ဂင်ခေါ်တယ်နော်၊ သွားပြီဆိုရင် လုပ်ကြမယ်ဆိုလို့ရှိရင် ဒကာကြီးတွေ တွေ မရပေဘူးလား။

(ရနိုင်ပါဘုရား)